# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday, 23 October 2021 ၁၀၅၃၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှု စသော ရေရှည်အကျိုးစီးပွားများကို ရည်မျှော်၍ အာဆီယံပဋိညာဉ်စာတမ်းပါ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်

### သတင်းထုတ်ပြန်ချက်

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အရေးပေါ်အစည်းအဝေးကို ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံသည် အဆိုပါ အစည်းအဝေးနှင့်ပတ်သက်၍ ကြေညာချက်ကို ၁၆-၁၀-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ထို့နောက် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂)သည် ၁၈-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ လည်းကောင်း၊ ၁၉-၁၀-၂၀၂၁ ရက်နေ့တွင် ဘရူနိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနက မြန်မာဘက်သို့ သံတမန်လမ်းကြောင်းမှ လည်းကောင်း၊ ၁၅-၁၀-၂၀၂၁ ရက်နေ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ် အစည်းအဝေးတွင် သဘောတူဆုံးဖြတ်ခဲ့သည့်ကိစ္စကို ဖော်ပြပြီးနောက် ၂၆-၁၀-၂၀၂၁ ရက်နေ့မှ ၂၈-၁၀-၂၀၂၁ ရက်နေ့အထိ ကျင်းပမည့် (၃၈)ကြိမ်နှင့် (၃၉)ကြိမ်မြောက်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးသန်း ပဉ္စမအသုတ်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Sinopharm ကုမ္ပဏီမှ ဝယ်ယူသော Sinopharm (BIBP) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးသန်း (5 doses per Vial ထုပ်ပိုးမှုပုံစံ) ဆေးအလုံးရေ ရှစ်သိန်းတင်ဆောင်လာသော Air China လေကြောင်းလိုင်း A 332 အမျိုးအစား လေကြောင်းပျံသန်းအမှတ် CA 589 လေယာဉ်သည် တရုတ်နိုင်ငံ ပေကျင်းမြို့မှ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပဉ္စမအသုတ်အဖြစ် ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ တရုတ်လေကြောင်းလိုင်း Air China လေယာဉ်ဖြင့် ရောက်ရှိလာသော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား ကျန်းမာရေးဝန်ကြီးဌာန၊


စာမျက်နှာ ၅ ကော်လံ ၁ သို့ ○





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးသန်း ပဉ္စမအသုတ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

### ကြေးမုံ ယနေ့ ဖတ်စရာ

**ဒီမိုကရေစီ ရွေးကောက်ပွဲနှင့် မှန်ကန်ရှင်သန်နေသော မဲဆန္ဒရှင်စာရင်းရရှိရေး**


စာ » ၆


**ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့်ချေးငွေ လျှောက်ထားနိုင်ကြောင်း အသိပေး ကြေညာခြင်း**


စာ » ၈





ကြေးမုံ

# ညီညွတ်မှုဖြင့် စိန်ခေါ်မှုမှန်သမျှကိုကျော်လွှား

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အောက်တိုဘာ ၁၆ ရက်တွင် ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၀၅ ဦးတွေ့ရှိပြီး ပိုးတွေ့ရာခိုင်နှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်း၊ အောက်တိုဘာ ၁၈ ရက်တွင် ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၂၂ ဦးတွေ့ရှိပြီး ရောဂါပိုးတွေ့ရာခိုင်နှုန်း ၆ ဒသမ ၂၁ ရာခိုင်နှုန်းနှင့် အောက်တိုဘာ ၂၁ ရက်တွင် ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈၃ ဦးတွေ့ရှိပြီး ရောဂါပိုးတွေ့ရာခိုင်နှုန်း ၄ ဒသမ ၉၅ ရာခိုင်နှုန်းတွေ့ရှိခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း ဓာတ်ခွဲအတည်ပြုလူနာသစ် နေ့စဉ် ထောင်ဂဏန်းမှ ယခုအခါ ရာဂဏန်းသို့ ကျဆင်းလာခဲ့သဖြင့် ရောဂါပိုးတွေ့ရာခိုင်နှုန်းလည်း ကျဆင်းလာပြီး မျှော်မှန်းထားသည့် ပိုးတွေ့ရာခိုင်နှုန်း ငါးရာခိုင်နှုန်းအောက်သို့ ရောက်ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်းသည် အောက်တိုဘာ ၂၁ ရက်တွင် ၂၁ ဦးရှိသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေသည် ကျဆင်းသည့်ဘက်သို့ရောက်ရှိလာရာ မကြာမီကာလတွင် မြန်မာနိုင်ငံတစ်ဝန်း၌ ပုံမှန်အခြေအနေသို့ ရောက်ရှိတော့မည်ဖြစ်သည်။ လက်ရှိအနေအထားတွင် ကိုဗစ်ရောဂါနှင့်ပတ်သက်၍ အကောင်းဘက်သို့ဦးတည်လျက်ရှိရာ မြို့ကြီးများ၌ ရောဂါဖြစ်ပွားမှုကျဆင်းနေသော်လည်း အချို့နယ်မြို့များတွင် ကျဆင်းခြင်းမရှိသေးပေ။ ထိုဒေသများကို အလေးထားဆောင်ရွက်ပေးပြီးလျှင် ကိုဗစ်-၁၉ ရောဂါ သိသာစွာကျဆင်းသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းဖြစ်ပွားပြီးနောက် ဒုတိယလှိုင်းတွင် နိုင်ငံသူနိုင်ငံသားများကြား၌ စိုးရိမ်ဖွယ်ရာအနေအထား ဖြစ်ပေါ်ခဲ့ပြီး ကိုဗစ်တတိယလှိုင်းဖြစ်ပွားသည့် ပြီးခဲ့သောဇူလိုင်လအထိ မြန်မာနိုင်ငံ၌ အလွန်ဆိုးရွားသောအခြေအနေဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ မှတ်တမ်းများအရ အလွန်ဆိုးရွားသောအခြေအနေဖြစ်ပေါ်ခဲ့ရခြင်းသည် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲလွန်ကာလနှင့် နိုင်ငံရေးအကျပ်အတည်းများ ဖြေရှင်းနေရသည့်ကာလများဖြစ်ရာ ဆေးဝါးမပြည့်စုံမှု၊ ပစ္စည်းများမစုံလင်မှု၊ ကျန်းမာရေးဝန်ထမ်းများမပြည့်စုံမှု၊ ဆေးရုံများမဖွင့်လှစ်နိုင်မှု စသည့်စိန်ခေါ်မှုများစွာရှိသဖြင့် အခက်အခဲများစွာကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

သို့သော်လည်း နိုင်ငံတော်ပိုင်းဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျကြပ်မတ်စီမံဆောင်ရွက်ပေးနိုင်မှု၊ ကျန်းမာရေးဝန်ထမ်းနှင့်စေတနာ့ဝန်ထမ်းများက အခက်အခဲများကြား၊ ရှိသမျှအင်အားများကြားမှ အစွမ်းကုန်စေတနာထားဆောင်ရွက်ပေးနိုင်မှုများနှင့် ပြည်သူများ၏ တာဝန်သိသိ၊ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုများကြောင့် ရောဂါဖြစ်ပွားနှုန်းသည် ရှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအောက်သို့ ကျဆင်းလာပြီဖြစ်သည်။ ဤသို့အောင်မြင်မှုရသည်မှာ အားလုံးပူးပေါင်းဆောင်ရွက်နိုင်ခြင်း အကျိုးရလဒ်ဖြစ်ပြီး အထူးသဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အလျဉ်မီအောင် ထိုးပေးနိုင်ခြင်းနှင့် ပြည်သူများကလည်း နိုးကြားတက်ကြွစွာ ပါဝင်ထိုးနှံလာခြင်းကြောင့်ဖြစ်သည်။ ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနှုန်း သုံးရာခိုင်နှုန်းအထိ ကျဆင်းသွားရေးအတွက် နိုင်ငံတော်အစိုးရက ပြည်သူများနှင့်လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်နေသည်။

ကိုဗစ်-၁၉ ရောဂါသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်ပြီး ရောဂါ၏နောက်ဆက်တွဲ လူမှုရေး၊ စီးပွားရေးဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံအနေဖြင့်မူ ကိုဗစ်-၁၉ ရောဂါဒဏ်အပြင် အကြမ်းဖက်အဖျက်သမား နှောင့်ယှက်မှုအန္တရာယ်ကိုပါ ထပ်ဆင့်ကြုံတွေ့နေသော်လည်း ယခုအခါ နိုင်ငံတော်အစိုးရက တားဆီးကာကွယ်၊ ထိန်းချုပ်လာနိုင်မှုကြောင့် အကြမ်းဖက်သမားအန္တရာယ်များ အတော်လျော့ပါးပြီး ရံဖန်ရံခါသာ ဖြစ်ပေါ်တော့သည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် တိုင်းပြည်ကို ပျက်စီးစေလိုသော ပြည်တွင်းမှ ပုဆိန်ရိုးများနှင့် ပြည်ပမှ နယ်ချဲ့လက်သစ်များ၏ ဖိအားပေးအကျပ်ကိုင်မှုများနှင့် ကြုံတွေ့နေရသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများသည် မည်သည့်နိုင်ငံ၊ လူမျိုးနှင့်မှမတူသည့် ထူးခြားသည့်ဝိသေသများကို ပိုင်ဆိုင်ထားကြသော တိုင်းပြည်နှင့် လူမျိုးဖြစ်သည်။ မြန်မာနိုင်ငံအား မည်မျှပင် နှောင့်ယှက်ဖျက်ဆီး ဟန့်တားပိတ်ဆို့အကျပ်ကိုင်သော်လည်း အညံ့မခံ အရှုံးမပေးဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သောလူမျိုးဖြစ်ပေသည်။ မည်သူ့လက်ဝေခံ၊ မည်သူ့လက်အောက်ခံသို့မှ အရောက်မခံသောနိုင်ငံဖြစ်သည်။ ယခု ကိုဗစ်-၁၉ ကိုကျော်လွှားရာ၌လည်း ရှိသည့်အင်အားစွမ်းပကားများဖြင့် အတတ်နိုင်ဆုံး ရုန်းကန်တွန်းလှန်ကျော်လွှားလျက်ရှိသည်။ နောင်တွေ့ကြုံလာနိုင်မည့် စိန်ခေါ်မှုမှန်သမျှကိုလည်း စုပေါင်းအင်အားဖြင့် ကျော်လွှားသွားမည်သာဖြစ်ပါကြောင်း။ ။

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချ

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့်မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကိုတစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့အထိရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွက် စားအုန်းဆီ ၉၈၇၅၃၅၇ ပိဿာ၊ တန်ချိန် (၁၆၁၃၆ ဒသမ ၂၁) တန် ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် နှစ်ရာခိုင်နှုန်းထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ်၊ ဖုန်း ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည်

**လဟယ် အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီမှ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကျေးရွာများကို ကျေးရွာရွေးချယ်ရေးစံသတ်မှတ်ချက်များနှင့်အညီ အတည်ပြုရွေးချယ်ခဲ့ကြရာ ယင်းကျေးရွာများမှာ တောလောကျေးရွာ၊ မွန်နောက်ပြောင်ကျေးရွာ၊ မွန်တုံးညူကျေးရွာ၊ ကျောက်ကယ်ရွာသစ်ကျေးရွာ၊ ဟောက်ရပ်ကျေးရွာ၊ တွေးထွေနောက်ကုန်းကျေးရွာ၊ တွေးညိုကျေးရွာနှင့် နောက်ညူကျေထောက်ကျေးရွာတို့ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းထံမှ သိရသည်။

အဆိုပါကျေးရွာ ရှစ်ရွာ အား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေကျပ် သိန်း ၈၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာများတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ ကျေးရွာကော်မတီဖွဲ့စည်းခြင်း၊ သင်တန်းပို့ချခြင်း၊ ကျေးရွာများ၏ဒေသဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဖြိုးကျော် (ပုံတောင်မြေ)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂ - ၁၀ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၃၆၀ | ၃,၁၆၃,၄၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁၅၅ | ၅၀၅,၇၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁၅ | ၂၉၂,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၄၆ | ၁၂၄,၂၀၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၁ | ၅၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၉၅.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၁.၇၅ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၄.၀၇၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၃၃.၅၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၀၇၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၅၀.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၈.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၉.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၃.၂၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေး

**"မပြောဘဲနေတာကြာလာတဲ့အခါ မစဉ်းစားဖြစ်ဖို့လည်း ပိုပြီးလွယ်လာတယ်"ဆိုတဲ့စကားရပ်အတိုင်း အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ရပ်တန့်နေ၍မဖြစ်နိုင်ပါ။ ပြောနေ၊ ဆိုနေ၊ ညှိနှိုင်းနေမှ မည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စဉ်းစားချက်၊ တွေးခေါ်ချက်များ သက်ဆိုင်ရာအဖွဲ့အစည်းများ၌ အစဉ်အမြဲ ကိန်းအောင်းနေမည်ဖြစ်ပါသည်။**

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

☆ **ရှေ့ဖုံးမှ**

အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသူကို အဆိုပါ အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်ကြောင်း မြန်မာဘက်သို့ အသိပေးလာပါသည်။

၁၅-၁၀-၂၀၂၁ ရက်နေ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကိစ္စကို ဆွေးနွေးခဲ့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ/ နိုင်ငံတော်ဝန်ကြီးချုပ်အား ဖိတ်ကြားရန် အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒမရရှိခဲ့ကြသကဲ့သို့ မဖိတ်ကြားရန်လည်း တူညီဆန္ဒမရရှိခဲ့ပါ။ သို့ရာတွင် အစည်းအဝေးအပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌမှ ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် အဆိုပါတူညီဆန္ဒမရရှိသည့် ကိစ္စကို ထည့်သွင်းဖော်ပြခဲ့သောကြောင့် အာဆီယံပဋိညာဉ် အပိုဒ်-၂၀(၁) ပြဋ္ဌာန်းချက်ဖြစ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆွေးနွေးတိုင်ပင်ခြင်းနှင့် တူညီဆန္ဒကို အခြေခံရမည်ဆိုသည့်အချက်နှင့် မကိုက်ညီကြောင်း တွေ့ရှိရပါသည်။

အာဆီယံပဋိညာဉ်၏ အပိုဒ်-၈(၂)(က)အရ အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီသည် ဖိတ်ကြားရေးကိစ္စအပါအဝင် အာဆီယံထိပ်သီးအစည်းအဝေးကိစ္စများကို ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ရမည်ဟု ဖော်ပြထားပြီး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးတွင် ဆောင်ရွက်ရမည့်ကိစ္စမဟုတ်ပါ။ ၄-၁၀-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် (၃၀)ကြိမ်မြောက် အာဆီယံညှိနှိုင်းပေါင်းစပ်ရေးကောင်စီအစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုမှုကိစ္စကို ဆွေးနွေးခြင်းမရှိဘဲ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် အရေးပေါ်အစည်းအဝေးကျင်းပပြီး ယင်းကိစ္စကို ဆွေးနွေးခဲ့သောကြောင့် ပြဋ္ဌာန်းထားသည့် အပိုဒ်-၈(၂)(က)ပါ လုပ်ထုံး/လုပ်နည်းများနှင့်မညီကြောင်း တွေ့ရှိရပါသည်။

အာဆီယံပဋိညာဉ်၊ ပုဒ်မ ၂၀ (၁)အရ ဆုံးဖြတ်ချက်များကို တူညီဆန္ဒဖြင့်သာ ချမှတ်ရမည်ဖြစ်ပြီး၊ တူညီဆန္ဒမရရှိသည့်အခါ ပုဒ်မ ၂၀ (၂)ပါ ပြဋ္ဌာန်းချက်အရ ဆုံးဖြတ်ချက်ကို အာဆီယံထိပ်သီးအစည်းအဝေးကသာ ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်ပါသည်။

၁၅-၁၀-၂၀၂၁ ရက်နေ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကို အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဆွေးနွေးခဲ့ရာတွင် အာဆီယံပဋိညာဉ် အပိုဒ်အချို့အပေါ် ၎င်းတို့လိုသလို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် သဘောထားကွဲလွဲမှုရှိပါက ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်အရ စေ့စပ်ဖျန်ဖြေရေးဖြစ်သည့် အငြင်းပွားမှုဖြေရှင်းရေးယန္တရားအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပုဒ်မ ၂၆ တွင် ဖြေရှင်း၍မရသော အငြင်းပွားမှုများကို အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြဆုံးဖြတ်ချက် ရယူရမည်ဟု ဖော်ပြထားပါသည်။

၁၅-၁၀-၂၀၂၁ ရက်နေ့ အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌမှ ဆုံးဖြတ်ခဲ့မှုများသည် အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိဘဲ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုမရှိသောကြောင့် သက်ဆိုင်ရာနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် လိုက်နာဆောင်ရွက်ရန် ခက်ခဲပါကြောင်း ဖော်ပြအပ်ပါသည်။

ထို့အပြင် ၁၅-၁၀-၂၀၂၁ ရက်နေ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကို အကြောင်းပြုပြီး အာဆီယံထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်ရေးကိစ္စကို အဓိကထားဆွေးနွေးခဲ့သောကြောင့် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်(၂)(က)၊ (င)နှင့် (စ)ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်၊ ပြည်တွင်းရေးမစွက်ဖက်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားရေးတည်ရှိမှုကို ပြင်ပမှ မစွက်ဖက်ရေး စသည့်မူများနှင့် ဆန့်ကျင်နေကြောင်း တွေ့ရပါသည်။

အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်(၅)အရ အဖွဲ့ဝင်နိုင်ငံများအားလုံးသည် တန်းတူရည်တူရှိပြီး၊ အပိုဒ် (၇)(၁)အရ အာဆီယံထိပ်သီးအစည်းအဝေးများကို နိုင်ငံအကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများဖြင့် ပါဝင်ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသောကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအကြီးအကဲမှ အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရမည့် အခွင့်အရေးများကို အပြည့်အဝရပိုင်ခွင့်ရှိပါသည်။ အကယ်၍ အချို့အာဆီယံနိုင်ငံများက ယင်းကိစ္စအပေါ် မေးခွန်းထုတ်လာပါက အထက်ဖော်ပြပါ အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံစိတ်ဓာတ်၊ အာဆီယံနည်းလမ်းများနှင့်အညီ သဘောထားကွဲလွဲမှုများကို တိုင်ပင်ဆွေးနွေးမှုနှင့် စေ့စပ်ဆွေးနွေးမှု နည်းလမ်းများဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သော်လည်း အာဆီယံပဋိညာဉ်စာတမ်းပြဋ္ဌာန်းချက်ပါ အချက်များ၊ မူများ၊ ဦးတည်ချက်များနှင့် ဆန့်ကျင်ပြီး၊ မျှတမှုမရှိ မူသောင်ကျော်လွန်ဆောင်ရွက်မှုများကို လက်ခံနိုင်ခြင်းမရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အာဆီယံအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုစသော ရေရှည်အကျိုးစီးပွားများကို ရည်မျှော်၍ အာဆီယံပဋိညာဉ်စာတမ်းပါ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်**
**နေပြည်တော်**

## လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)က လက်ခံကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

လန်ချန်း-မဲခေါင် ဒေသရှိ အဖွဲ့ဝင်ခြောက်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်နိုင်ငံများမှ အနုပညာရှင်လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် Puppet festival of Lancang– Mekong စီမံကိန်းကို ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက် အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၌ လက်ခံကျင်းပသွားရန်ကိစ္စနှင့် ပတ်သက် သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီ က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ လောကနတ်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လန်ချန်း-မဲခေါင် ဒေသတွင်းခြောက်နိုင်ငံမှ ယဉ်ကျေးမှုအဖွဲ့အစည်းများနဲ့ အနုပညာရှင် လူငယ်များကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မည့် လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော် (Puppet Festival of Lancang– Mekong) ကို ယခင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပရန် လျာထားခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအခြေအနေများ အရ ကျင်းပမည့်အချိန်ကို ရွှေ့ဆိုင်းလာခဲ့ရာ ယခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ မန္တလေးမြို့၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)က လက်ခံကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းအတွက်ကုန်ကျငွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၀)မှ ကျခံပေးခြင်းဖြစ်ပါကြောင်း။

ယခုကျင်းပမည့်ပွဲတော်သည် လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများမှ ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် အနုပညာရှင်လူငယ်များအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုဖြင့် လန်ချန်း-မဲခေါင်ယဉ်ကျေးမှု ဖလှယ်ရေးပလက်ဖောင်း ထူထောင်ရန်အတွက် လန်ချန်း-မဲခေါင် ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများမှ ရိုးရာယဉ်ကျေးမှုရုပ်သေးပညာရပ်များ မပျောက်ပျက်စေရေး ဆောင်ရွက်ရန်၊ ရိုးရာယဉ်ကျေးမှုရုပ်သေးပညာရပ်များကို ဖော်ထုတ်မြှင့်တင်ထိန်းသိမ်းရေး ဆောင်ရွက်ရန်၊ ရုပ်သေးပညာရှင်လူငယ်များအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုတိုးတက်ရရှိစေရန် စသော ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် ကျင်းပမည့်ပွဲတော်တစ်ခု ဖြစ်ပါကြောင်း။

ယခုကာလသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်မှုများ၊ အသွားအလာကန့်သတ်မှုတားမြစ်ချက်များ ရှိနေသေးပါကြောင်း၊ ပွဲတော်ကျင်းပမည့်ကာလတွင်ယခုကဲ့သို့ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်မှု ရှိနေဦးမည်ဆိုပါက လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများမှ အနုပညာရှင်လူငယ်များ၊ ဧည့်သည်များ မြန်မာနိုင်ငံသို့ အဆင်ပြေစွာ လာရောက်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သွားလာရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ဝင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ရောက်ရှိချိန်၌လည်း လုံခြုံရေးပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက အကြံပြုဆွေးနွေးပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက လန်ချန်း-မဲခေါင် ဒေသရှိ အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် Puppet festival of Lancang–Mekong စီမံကိန်းကို လက်ခံကျင်းပသွားရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အထွေထွေဆွေးနွေးညှိနှိုင်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော်ကို မြန်မာနိုင်ငံ၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းထားရှိပြီးဖြစ်၍ ကော်မတီအသီးသီးတွင်ပါရှိသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ လုံခြုံရေးကို အထူးဂရုစိုက်ဆောင်ရွက်ရန်လိုပါကြောင်း၊ လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများနှင့် ယဉ်ကျေးမှုအနုပညာ ပူးပေါင်းဖလှယ်ရေး ဆောင်ရွက်ရာတွင်လည်း အကျိုးရှိစွာ လှုံ့လထုတ်၍ ကြိုးစားဆောင်ရွက်ရန်လိုပါကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနများအနေဖြင့်လည်း လိုအပ်သည်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# အာဆီယံ+၃ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်သစ်များ ဆက်လက်တိုးမြှင့်နိုင်ရေး ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၂**
(၁၆) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးနှင့် အာဆီယံ+၃ ဝန်ကြီးအဆင့် အစည်းအဝေးများ (16th Meeting of the Conference of the Parties to the ASEAN Agreement on Transboundary Haze Pollution (COP–16), 17th ASEAN Plus Three Environment Ministers Meeting – EMM) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်လက်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံနှင့် အလှည့်ကျသဘာပတိဖြစ်သော ဖိလစ်ပိုင်နိုင်ငံတို့က အဖွင့်အမှာစကား ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံက အာဆီယံဒေသတွင်း ရာသီဥတုနှင့် မီးခိုးမြူငွေ့ဆိုင်ရာသုံးသပ်မှု၊ နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသော မီးဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ဆိုင်ရာ အစီရင်ခံစာများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အကောင်အထည်ဖော်မှုအခြေအနေများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အကောင်အထည်ဖော်မှုဆိုင်ရာ အာဆီယံညှိနှိုင်းမှုဗဟိုဌာန တည်ထောင်နိုင်ရေး၊ အာဆီယံနိုင်ငံများ၏ သစ်ဆွေးမြေ စီမံခန့်ခွဲမှုဆိုင်ရာ အစီရင်ခံစာ၊ အင်ဒိုနီးရှားနိုင်ငံက ဒေသအတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အစီရင်ခံစာ၊ မြန်မာနိုင်ငံက မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အစီရင်ခံစာတို့ကို ရှင်းလင်းတင်ပြ၍ အမြင်ချင်းဖလှယ်ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ထိန်းချုပ်နိုင်ရေးအတွက် သစ်တောမီး၊ စိုက်ပျိုးမြေမီးလောင်မှုများ လျော့ပါးစေရေး နိုင်ငံအတွင်း ဆောင်ရွက်မှုများ၊ ဒေသတွင်း စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးသည်။ ထို့နောက် အစီရင်ခံစာများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် (၁၇) ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံများ ပတ်ဝန်းကျင်ဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပရာ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အာဆီယံ–တရုတ် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းဗျူဟာ (၂၀၂၁–၂၀၂၅) အပေါ် အကောင်အထည်ဖော်နိုင်မှု၊ အစိမ်းရောင်ဖွံ့ဖြိုးမှုနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ ပူးတွဲကြေညာချက်၊ အာဆီယံ–ဂျပန်ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ–ကိုရီးယား ပတ်ဝန်းကျင်ဆိုင်ရာ အကောင်အထည်ဖော်မှုနှင့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်များကို အာဆီယံ+၃ နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့က ဆွေးနွေးသည်။

ဆက်လက်၍ အာဆီယံ+၃ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်သစ်များ ဆက်လက်တိုးမြှင့်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အာဆီယံ+၃ နိုင်ငံများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံဒေသတွင်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ၂၀၂၅ အာဆီယံ မျှော်မှန်းချက် ရရှိစေရန် အထောက်အကူပြုပါကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဆွေးနွေးသည်။

အစည်းအဝေးမှ (၁၇)ကြိမ်မြောက် အာဆီယံ+၃ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး၏ အကျဉ်းချုပ် အစီရင်ခံစာကို အတည်ပြုပြီး (၁၆) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး အလှည့်ကျ သဘာပတိက နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အောက်တိုဘာလအကုန်တွင် ရောဂါစစ်ဆေးတွေ့ရှိမှု သုံးရာခိုင်နှုန်းအထိ လျော့ကျအောင် အထူးအလေးထား ဆောင်ရွက်

**မုံရွာ အောက်တိုဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ကိုဗစ်–၁၉ ရောဂါ စစ်ဆေးတွေ့ရှိမှုမှာ ၇ ဒသမ ၀၃ ရာခိုင်နှုန်းနှင့် ဆေးရုံတက် သေဆုံးမှုမှာ သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း၊ အောက်တိုဘာလအကုန်တွင် ရောဂါစစ်ဆေးတွေ့ရှိမှု သုံးရာခိုင်နှုန်းအထိ လျော့ကျအောင် အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်က မိမိတို့အနေဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ၊ လုံခြုံရေး လုပ်ငန်းများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ ပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောဂါပိုးစစ်ဆေးတွေ့ရှိမှုအခြေအနေများ၊ ဆေးရုံတက်ရောက်ကုသမှုနှင့် ဆေးရုံဆင်းမှု အခြေအနေများ၊ အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲမှု အခြေအနေများ၊ နယ်မြေလုံခြုံရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများ ကာကွယ်ဆေးထိုးနှံရေး သက်ဆိုင်ရာကျောင်းများအခြေပြု၍ ဆေးထိုးနှံရေး ပြင်ဆင်ဆောင်ရွက်နေမှု လုပ်ငန်းများ၊ နေ့စဉ် ကာကွယ်ဆေးထိုးနှံမှုအခြေအနေများနှင့် ပတ်သက်၍ အသီးသီး အကြံပြု ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် မုံရွာပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆရာဝန်/သူနာပြု ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအား စားသောက်ဖွယ်ရာများ လိုက်လံပေးအပ်ကြပြီး အားပေးစကားပြောကြားကာ **(အပေါ်ပုံ)** လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ သုံးခုမှ အိမ်သုံးဆေးဝါး ၅၆ မျိုး ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေးနှင့် အရည်အသွေးနှင့်ဈေးနှုန်းမှန်ကန်စွာရရှိစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ သုံးခုမှ အိမ်သုံးဆေးဝါး ၅၆ မျိုးကို ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း ယနေ့တွင် (၄၇) ရက်မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များ ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် အောက်တိုဘာ ၂၂**
ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

**နေပြည်တော်  အောက်တိုဘာ  ၂၂**
နေပြည်တော်ကောင်စီနယ်မြေအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ညှိနှိုင်းခန်းမ၌ ပြုလုပ်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

အဆိုပါ ချီးမြှင့်ငွေပေးအပ်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးသန်း ပဉ္စမအသုတ် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

**○ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ**
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လက်ခံရယူကြသည်။

ထိုသို့ ရောက်ရှိလာသော ဆေးများသည် မြန်မာနိုင်ငံမှ မှာယူထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂၄ သန်းအနက် ပဉ္စမအသုတ်အဖြစ် ကာကွယ်ဆေး လေးသန်း (5 doses per Vial ထုပ်ပိုးမှုပုံစံ)ဆေးအလုံးရေ ရှစ်သိန်း ဆေးပုံးအရေအတွက် ၄၁ ပုံး အလေးချိန် ၁၆၂၃၆ ကီလိုဂရမ် ရောက်ရှိလာခြင်းဖြစ်ပြီး ထိုသို့ရောက်ရှိလာသော ကာကွယ်ဆေးများတွင် ပထမအသုတ် လေးသန်းသည် စက်တင်ဘာ ၁၂ ရက်တွင်လည်းကောင်း၊ ဒုတိယအသုတ်လေးသန်းသည် စက်တင်ဘာ ၂၆ ရက်တွင်လည်းကောင်း၊ တတိယအသုတ် လေးသန်းသည် အောက်တိုဘာ ၂ ရက်တွင်လည်းကောင်း၊ စတုတ္ထအသုတ်ကို အောက်တိုဘာ ၁၅ ရက်တွင်လည်းကောင်း ရောက်ရှိခဲ့ပြီးဖြစ်ရာ ယခုပဉ္စမ အသုတ်အပါအဝင် ကာကွယ်ဆေးစုစုပေါင်း သန်း ၂၀ ရောက်ရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်စျေးများ

(၂၂-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ စျေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antiviral | | | | |
| 1 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 2 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 3 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 4 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 5 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 6 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 7 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 8 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 9 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 10 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |

အခြားဆေးဝါးများ၏ စျေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# လဟယ်မြို့ရှိ ကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**နေပြည်တော်  အောက်တိုဘာ  ၂၂**
ကိုဗစ်-၁၉ ရောဂါခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ပြည်သူ့ဆေးရုံရှိ တပ်မတော်သားဆရာဝန်များ၊ သူနာပြုများ၊ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများကို တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ၊ ခွဲစိတ်ခန်းသုံး မျက်မှန်များ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အောက်ဆီဂျင်ထုတ်သည့်စက်များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အောက်ဆီဂျင် ထုတ်သည့်စက်များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၌ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး အလုံး ၁၀၀ ထွက်ရှိသည့် အောက်ဆီဂျင်စက် စမ်းသပ်လည်ပတ်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒီမိုကရေစီရွေးကောက်ပွဲနှင့် မှန်ကန်ရှင်သန်နေသော မဲဆန္ဒရှင်စာရင်းရရှိရေး

မဲဆန္ဒရှင်တစ်ဦး

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်း ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၇ တွင် "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်" ဟု ပြဋ္ဌာန်းထားသည်။

**ကိုယ်စားပြုဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံး**

ဒီမိုကရေစီဆိုသော ဝေါဟာရသည် ဂရိဘာသာစကားမှ ဆင်းသက်လာပြီး ပြည်သူကအုပ်ချုပ်ခြင်းဟု ယေဘုယျအဓိပ္ပာယ်ရကြောင်း အများကသိရှိထားကြပြီးဖြစ်ပါသည်။ Democracy ဝေါဟာရကို ပြည်သူများက ရွေးကောက်တင်မြှောက်သောကိုယ်စားလှယ်များဖြင့် အုပ်ချုပ်သောစနစ်၊ ဒီမိုကရေစီစနစ်ဟု အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဒီမိုကရေစီခေတ်ဦးကာလ အေသင်မြို့ပြနိုင်ငံများတွင် လူထုက စုဝေးတိုင်ပင်ဆုံးဖြတ်သည့် တိုက်ရိုက်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြသည်။ မျက်မှောက်ခေတ်တွင်မူ လူထုက ဆန္ဒမဲပေးရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်သော ကိုယ်စားပြုဒီမိုကရေစီစနစ်ကို တွင်ကျယ်စွာ လက်ခံကျင့်သုံးကြလျက်ရှိသည်။

သာမန်အားဖြင့် ဒီမိုကရေစီ၏ အခြေခံသဘောတရားများအဖြစ် တရားဥပဒေစိုးမိုးမှုနှင့် ဥပဒေ၏ အကျိုးသက်ရောက်မှုရှိခြင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲများရှိခြင်း၊ နိုင်ငံရေးလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်ရှိခြင်း၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ရှိခြင်း၊ နိုင်ငံသားများ လူ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နေထိုင်ခွင့်ရှိခြင်း၊ ပြည်သူ့နီတိ လိုက်နာမှုအားကောင်းခြင်း၊ နိုင်ငံ့အရေးနှင့် ပြည်သူ့ရေးရာများတွင် အားလုံးပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊ အများစု၏ဆန္ဒအတိုင်းဆုံးဖြတ်လိုက်နာရသကဲ့သို့ အနည်းစု၏အခွင့်အရေးကိုလည်း မျှတစွာဖော်ဆောင်ခွင့်ရှိခြင်း စသည့်အချက်များကို ယေဘုယျအားဖြင့် လက်ခံထားကြပေသည်။

မည်သို့ပင်ဆိုစေ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးနေသမျှကာလပတ်လုံး ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဟု မှတ်ယူရမည့် ရွေးကောက်ပွဲဖြစ်စဉ်ကို မလွဲမသွေဖြတ်သန်းကြရပေမည်။ "ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သည်.....ဒီမိုကရေစီရှင်သန်စေရေး၏ရေသောက်မြစ်ဖြစ်သည်..... ဒီမိုကရေစီ ဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်....." ဟုလည်း ဆိုကြပေသည်။

မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး၍ မိမိတို့ကိုယ်စား နိုင်ငံပြုပုဂ္ဂိုလ်များ ဖြစ်ကြမည့် ကိုယ်စားလှယ်များကို ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ကြရသည်။ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များက နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ကို တည်ဆောက်ရင်း အပြန်အလှန်ထိန်းကျောင်းရင်းဖြင့် နိုင်ငံသားများထံမှ ဆင်းသက်လာသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာအရပ်ရပ်ကို နိုင်ငံသားများကိုယ်စား ကျင့်သုံးဖော်ဆောင်ကြရပေသည်။ ထို့ကြောင့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွား ဖော်ဆောင်ရေးတို့အတွက်ပင် မဏ္ဍိုင်ဖြစ်သည်ဟု မှတ်ယူရပေမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈(က)တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟုလည်းကောင်း၊ ပုဒ်မ ၃၈(ခ)တွင် "ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်" ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅(က) ပါ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသူ"နှင့် ပုဒ်မ ၃၄၅ (ခ) ပါ "ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရနိုင်ငံသားဖြစ်ပြီးသူ" တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၄၆ တွင် "နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်" ဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။

**ပြည့်စုံမှန်ကန်သော မဲစာရင်းလိုအပ်**

ရွေးကောက်ပွဲတွင် မည်သည့်ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံသားမဲဆန္ဒရှင်များ ဆန္ဒမဲပေးနိုင်ရန်အတွက် ပြည့်စုံမှန်ကန်သော မဲစာရင်းလိုအပ်ပါသည်။ ပြည့်စုံမှန်ကန်သော မဲစာရင်းဆိုသည်မှာ ဥပဒေနှင့်ညီညွတ်ခြင်း၊ မဲဆန္ဒရှင်များ၏ နိုင်ငံသားအရည်အချင်းသတ်မှတ်ချက်ပါဝင်ခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံးပါဝင်ခြင်း၊ မဲဆန္ဒရှင်ကိုယ်ရေးအချက်အလက်များ ပြည့်စုံမှန်ကန်ခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများမပါဝင်ခြင်း၊ မဲဆန္ဒရှင်များက မိမိ၏မဲစာရင်းအား အလွယ်တကူသိရှိနိုင်ခြင်း၊ မဲမသမာမှုဖြစ်စေနိုင်သော အခြေအနေများမပါဝင်ခြင်းနှင့် နောင်ရွေးကောက်ပွဲအစဉ်အဆက် ဆက်လက်အသုံးပြုနိုင်သည့် မှန်ကန်ရှင်သန်နေသော မဲစာရင်းကို ဆိုလိုပါသည်။

> **ရွေးကောက်ပွဲတွင် မည်သည့်ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံသားမဲဆန္ဒရှင်များ ဆန္ဒမဲပေးနိုင်ရန်အတွက် ပြည့်စုံမှန်ကန်သော မဲစာရင်းလိုအပ်ပါသည်။ ပြည့်စုံမှန်ကန်သော မဲစာရင်းဆိုသည်မှာ ဥပဒေနှင့်ညီညွတ်ခြင်း၊ မဲဆန္ဒရှင်များ၏ နိုင်ငံသားအရည်အချင်းသတ်မှတ်ချက်ပါဝင်ခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံးပါဝင်ခြင်း၊ မဲဆန္ဒရှင်ကိုယ်ရေးအချက်အလက်များ ပြည့်စုံမှန်ကန်ခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများမပါဝင်ခြင်း၊ မဲဆန္ဒရှင်များက မိမိ၏မဲစာရင်းအား အလွယ်တကူသိရှိနိုင်ခြင်း၊ မဲမသမာမှုဖြစ်စေနိုင်သော အခြေအနေများမပါဝင်ခြင်းနှင့် နောင်ရွေးကောက်ပွဲ အစဉ်အဆက် ဆက်လက်အသုံးပြုနိုင်သည့် မှန်ကန်ရှင်သန်နေသော မဲစာရင်းကို ဆိုလို**

နိုင်ငံအသီးသီးတွင် ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအရည်အချင်း သတ်မှတ်ချက်နှင့် မဲဆန္ဒရှင်စာရင်းကို စနစ်အမျိုးမျိုးဖြင့် ဆောင်ရွက်ကြသည်။ မိမိတို့နိုင်ငံတွင် ပဉ္စမအကြိမ်အထိ ပြင်ဆင်ထားသည့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ပုဒ်မ ၆ တွင် "ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူတို့သည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၇ တွင် "သာသနာ့ဝန်ထမ်း၊ ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့သည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၃ တွင် "လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့က ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများဟုဆိုရာတွင် လူဦးရေစာရင်းများကို အဓိကတာဝန်ယူဆောင်ရွက်ပေးရမည့် အဖွဲ့ဝင်များဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးတို့သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ မဲစာရင်းများ ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ဆောင်ရွက်ရာတွင် အဓိကတာဝန်ရှိသည့်ပုဂ္ဂိုလ်များ ဖြစ်သည်။ ပုဒ်မ ၁၅ (က)တွင် "မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်" ဟုလည်းကောင်း၊ ပုဒ်မ ၁၅ (ခ)တွင် "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းမှ အခြားမဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းသို့ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အမည်ပြောင်းရွှေ့လိုလျှင် သတ်မှတ်သည့်အတိုင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားနိုင်သည်" ဟုလည်းကောင်း၊ ပုဒ်မ ၁၅ (ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ" ဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

**လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၅(က)**

ဆဋ္ဌမအကြိမ်အထိ ပြင်ဆင်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၅(က) တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ မဲစာရင်းပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သော လူဦးရေစာရင်း ပုံစံဇယားနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေ (မသန်စွမ်းသူများအပါအဝင်) စာရင်းတို့ကို ရယူအခြေခံပြီး ပြုစုရမည်" ဟု လည်းကောင်း၊ နည်းဥပဒေ ၅(ခ)တွင် "လိုအပ်ပါက လက်ရှိမဲစာရင်းကို အခြေခံရယူ၍ ပြုစုနိုင်သည်" ဟုလည်းကောင်း သတ်မှတ်ထားသည်။

နည်းဥပဒေ ၉ တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကို ကြေညာပြီးနောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ၊ မရှိကို လာရောက်ကြည့်ရှုရန်တာဝန်ရှိသည်" ဟု သတ်မှတ်ဖော်ပြထားသည်။ မဲဆန္ဒရှင်များသည် မဲစာရင်းကြေညာချိန်တွင် နည်းဥပဒေ ၁၁(က) အရ "မဲစာရင်း၌ အမည်ထည့်သွင်းရန်တောင်းဆိုလွှာကို ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာကို ပုံစံ(၄) ဖြင့်လည်းကောင်း၊ ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာကို ပုံစံ (၄-က) ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်" ဟုလည်းကောင်း သတ်မှတ်ဖော်ပြထားသည်။

**အိမ်ထောင်စုလူဦးရေစာရင်းတို့ကို အခြေခံ**

မိမိတို့နိုင်ငံ၏ မဲစာရင်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အိမ်ထောင်စုလူဦးရေစာရင်းတို့ကို အခြေခံ၍ ပြုစုသည့်စနစ်ဖြစ်ပါသည်။ အခြားနိုင်ငံအများစုတွင် မဲဆန္ဒရှင်စာရင်းကို Voter Registration မှတ်ပုံတင်သည့် စနစ်ဖြင့် ဆောင်ရွက်ကြသည်။ အချို့နိုင်ငံများတွင် Voter Registration Law မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်းဥပဒေပြဋ္ဌာန်း၍လည်း ဆောင်ရွက်ကြောင်းသိရှိရသည်။ ယင်းသို့ မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် မဲဆန္ဒရှင်က မဲစာရင်းမှတ်ပုံတင်သည့်ဌာန Voter Registration Centre တွင် ကိုယ်တိုင်လာရောက် မှတ်ပုံတင်ရသည့်စနစ် သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်က မဲစာရင်းမှတ်ပုံတင်ရေးအဖွဲ့များဖြင့် လိုက်လံဆောင်ရွက်ပေးသည့်စနစ် သို့မဟုတ် Immigration ဌာနမှ လူဦးရေစာရင်းများကို တိုက်ရိုက်ရယူ၍ စိစစ်ပြီးမှတ်ပုံတင်သည့်စနစ်တို့ကို ကျင့်သုံးကြောင်းသိရှိရသည်။

မဲစာရင်းကို ပြုစုသည်ဖြစ်စေ၊ မှတ်ပုံတင်သည်ဖြစ်စေ၊ မဲစာရင်းပါ မဲဆန္ဒရှင်၏ ကိုယ်ရေးအချက်အလက်များ ပြည့်စုံမှန်ကန်နေရန် မဖြစ်မနေလိုအပ်ပါသည်။ ဥပမာ - စာရေးသူအနေဖြင့် ခရီးသွားလျှင် နိုင်ငံသားကတ်၊ ဝန်ထမ်းကတ်၊ ယာဉ်မောင်းလိုင်စင်ကတ်၊ ဘဏ်ကတ် အမြဲဆောင်သွားလေ့ရှိပါသည်။ ထိုကတ်ပြားလေးခုနှင့်သက်ဆိုင်သော စာရေးသူ၏ ကိုယ်ရေးအချက်အလက်များအားလုံးသည် အမှားအယွင်းမရှိ၊ ကွဲလွဲမှုမရှိဘဲ မှန်ကန်စွာ မှတ်တမ်းတင်ထားသည့် သက်သေခံကတ်ပြားများဖြစ်ပါသည်။ ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် စာရေးသူမဲပေးခဲ့သည့် မဲဆန္ဒရှင်စာရင်းတွင်လည်း ကိုယ်ရေးအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိနေပါသည်။ ယင်းသို့အမှားအယွင်းမရှိ မှန်ကန်နေရခြင်းမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတွင် မှတ်ပုံတင်ပြီး ထုတ်ပေးထားသည့် နိုင်ငံသားကတ်ကို အခြေခံ၍ အခြားသော သက်သေခံကတ်ပြားများပါ အချက်အလက်များ မှန်ကန်ခြင်းသာဖြစ်ပါသဖြင့် နိုင်ငံသားကတ် ကိုင်ဆောင်ထားခြင်းနှင့် Registration စနစ် ကောင်းမွန်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ယူဆမိပါသည်။ သို့ဖြစ်ရာ မဲဆန္ဒရှင်စာရင်းကို ပြုစုရာတွင်လည်းကောင်း၊ မှတ်ပုံတင်ရာတွင်လည်းကောင်း၊ မဲဆန္ဒရှင်၏ ကိုယ်ရေးအချက်အလက်များကို အထောက်အထားမဲ့ နှုတ်ဖြင့်မေး၍ လက်ခံဆောင်ရွက်ခြင်းမပြုဘဲ မှန်ကန်သော ကိုယ်ရေးအချက်အလက်များပါဝင်သည့် စာရွက်စာတမ်း သို့မဟုတ် နိုင်ငံသားကတ်ပြားတို့ဖြင့် စိစစ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ❍

# ယူနက်စကိုက အသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံမှ ဓီဝအဝန်းနယ်မြေနှစ်ခု ခရီးသွားလုပ်ငန်းကို ဆွဲဆောင်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၂**

ဇီဝအဝန်းနယ်မြေနှစ်ခုအဖြစ် ယူနက်စကိုက အသိအမှတ်ပြုထားသည့် အင်းလေးကန်နှင့် အင်းတော်ကြီးကန်တို့သည် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကို စွဲဆောင်လျက်ရှိသည်။

သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းကို ကမ္ဘာ့နိုင်ငံများအနေဖြင့် နိုင်ငံ၏ဝင်ငွေတစ်ခုအဖြစ် အပြိုင်အဆိုင် ဖော်ဆောင်ခဲ့ကြရာ ကိုဗစ်-၁၉ ရောဂါကြုံတွေ့နေရသောကာလတွင်လည်း ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများဖြင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအချို့ရရှိခဲ့ကြသည်။

အင်းလေးကန်နှင့် အင်းတော်ကြီးကန်သည် အာရှသာမက ကမ္ဘာကစိတ်ဝင်စားသော ခရီးသွားများလေ့လာရာ ဇီဝအဝန်းနယ်မြေများဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသော သဘာဝထိန်းသိမ်းရေးနယ်မြေဖြစ်သည်။ အထူးသဖြင့် အင်းလေးကန်သည် အာဆီယံအမွေအနှစ်ဥယျာဉ်၊ အပြည်ပြည်ဆိုင်ရာ လူသားနှင့်ဇီဝအဝန်းနယ်မြေနှင့် အင်းလေးကန်ရမ်ဆာ ရေဝပ်ဒေသလည်းဖြစ်သည်။ အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝအခြေခံများကောင်းမွန်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် အဖွဲ့အစည်းအသီးသီးတို့ ပူးပေါင်းထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူတို့ဟန်ချက်ညီ ပူးပေါင်းပါဝင်ထိန်းသိမ်းမှုသည် အင်းလေးကန်ဇီဝအဝန်းနယ်မြေအတွက် အထူးအရေးပါလျက်ရှိသည်။

"လူသားနဲ့ဇီဝအဝန်းနယ်မြေဆိုတာ သဘာဝတရားနဲ့လူသားတွေ ညီညီညွတ်ညွတ်မျှမျှတတ အတူယှဉ်တွဲနေထိုင်နိုင်တဲ့ စနစ်ကိုကျင့်သုံးတဲ့ဧရိယာကိုဆိုလိုတာပါ။ အင်းလေးကန်ထိန်းသိမ်းဖို့ဆိုရင် သစ်တောဌာနတစ်ခုတည်းမဟုတ်ဘဲ အဲဒီဒေသမှာနေထိုင်ကြတဲ့သူတွေသာမက နိုင်ငံသားအားလုံး ထိန်းသိမ်းစောင့်ရှောက်ရမှာပါ" ဟု နတ်မတောင်အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများကိုစွဲဆောင်လျက်ရှိသည့် ဇီဝအဝန်းနယ်မြေများ မြန်မာနိုင်ငံတွင်များစွာတည်ရှိလျက်ရှိရာ ဇီဝအဝန်းနယ်မြေအဖြစ် ယူနက်စကိုမှအသိအမှတ်ပြုရန် အင်းလေးကန်နှင့် အင်းတော်ကြီးကန်အတွက် ၂၀၁၃ ခုနှစ်တွင် အဆိုပြုလွှာတင်ခဲ့ရာ အပြည်ပြည်ဆိုင်ရာ ကော်မတီ(ICC)က စစ်ဆေး၍ သုံးနှစ်အကြာတွင် ဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။ **ညီမ်းသူ ( သတင်းစဉ် )၊ ဓာတ်ပုံ – ကနူး**



---

**❂ ကျောဖုံးမှ**

ဆင်မလေးမိုမို၏ မွေးနေ့ကိတ်ခွဲသည့် ယနေ့တွင် လူဦးရေအရေအတွက် ကန့်သတ်ထားခြင်းကြောင့် မိုမို အတွက် ၁၅ စက္ကန့်ခန့်ရှိသည့် မွေးနေ့ဆုတောင်းစကား Short Video ရိုက်ကူးပေးပို့ထားသူများအနက်မှ ၁၀ ခုကိုရွေးချယ်ခဲ့ရာ အရွေးချယ်ခံရသူများမှာ တစ်ဦးလျှင် အဖော်နှစ်ဦးနှုန်းစီဖြင့် ပေါင်းသုံးဦးစီ မွေးနေ့ပွဲကို တက်ရောက်ခဲ့ကြသည်။ မိုမို၏မွေးနေ့ကိတ်ခွဲပြီးနောက် မွေးနေ့ပွဲတက်ရောက်ကြသူများအနေဖြင့် အမှတ်တရဓာတ်ပုံများရိုက်ကူးကြကာ ကလေးများအတွက် အခြားပျော်ရွှင်စရာ အစီအစဉ်များကိုလည်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ ထည့်သွင်းကျင်းပပေးခဲ့ကြောင်း သိရသည်။

**အနီးကပ်သူ့ကိုကြည့်ရှုနေ**

"ကျွန်တော့်ရှေ့မှာဆိုရင် ဆင်မလေးမိုမိုကို ထိန်းလာတဲ့ဆရာ ၁၀ ဦးလောက်ရှိမယ်။ ကျွန်တော်က ၁၁ ယောက်မြောက်ပါ။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) မှာ အရင်တုန်းကတော့ ဆင်ကိုးကောင်ရှိတယ်။ ဒီမှာက ပြကွက်အတွက် ခြံဝင်းကျဉ်းတဲ့အနေအထားကြောင့် အထီးသုံးကောင်ကို လှော်ကားပို့ပြီး အမနှစ်ကောင်ကိုတော့ မှော်ယောကြီးကိုပို့လိုက်ပါတယ်။ မိုမို အသက် ၆၀ ကနေပြီးတော့ အခု ၆၈ နှစ်အထိ ဆင်ဦးစီးတာဝန်ယူခဲ့တာ ဒီတစ်ကြိမ်နဲ့ဆို ကျွန်တော့်အတွက် ကိုးကြိမ်ဖြစ်သွားပြီ။ ကျွန်တော်တို့အနေနဲ့ ဆင်ရုံကို နေ့စဉ်နံနက် ၇ နာရီ ရောက်ပြီဆိုတာနဲ့ မိုမိုရဲ့ ကျန်းမာရေးအတွက် ဆီး၊ ဝမ်းတွေကို စစ်ဆေးပြီးတော့မှ ကျန်းမာရေးအနေနဲ့ ဒီဥယျာဉ်ထဲမှာ တစ်ပတ်ပတ်ပြီးတော့ နာရီဝက်လောက်လမ်းလျှောက်ပေးရတယ်၊ ပြန်လာပြီဆိုတာနဲ့ ရုံထဲကရေကန်မှာ ရေချိုးပေးရတယ်၊ ရေချိုးပေးပြီးရင် မနက်စာအတွက် ဂျုံ၊ ဖွဲ၊ ထန်းလျက်နဲ့ ဆားတို့ကိုနယ်ပြီးတော့ မနက်စာကိုအချိုးစားကျစွာကျွေးရပါတယ်။ အခြားဆင်တွေကိုလည်း ထိုနည်းတူစွာပဲ ကျွေးပါတယ်။ ပြီးရင် ဆင်မလေးမိုမိုကို တစ်နေကုန် ကျွန်တော်တို့လွှတ်ကျောင်းထားလိုက်တယ်။ ဝန်ထမ်းတွေကလည်း လူမပြတ်ဘဲနဲ့ အနီးကပ်သူ့ကိုကြည့်ရှုနေပါတယ်။ မိုမိုအတွက် နေ့စဉ်အထူးအစီအစဉ်အနေနဲ့ ငှက်ပျောသီးရှစ်ဖီးကို အပိုထပ်ဆောင်းကျွေးပါတယ်။ ဒါက နံနက်ပိုင်းအဆာပြေပဲရှိသေးတာပါ။ နောက်ပြီး တစ်နေကုန်ပြည်သူတွေကျွေးတဲ့အစာတွေရှိပါတယ်။ ညနေပိုင်းအတွက်ကိုတော့ မြက်အစိုအလေးချိန်ပေါင် ၃၀၀ ကျွေးရပါတယ်" ဟု လက်ရှိတာဝန်ထမ်းဆောင်နေသော ဆင်မကြီးမိုမို၏ ဆင်ဦးစီးဖြစ်သူ ဦးအောင်ဝင်းသောင်းက ပြောသည်။

မိုမို အသက် ၆၀ ပြည့်နှစ်မှစတင်၍ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) မှ နှစ်စဉ်မွေးနေ့များကျင်းပပေးခဲ့ကြောင်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၌ ဆင်မလေးမိုမိုအပါအဝင် ဆင်မလေးများဖြစ်ကြသော မျိုးမျိုး ၂၁ နှစ်၊ မလှချော ၁၆ နှစ် နှင့် မချောလေး ၁၆ နှစ်တို့ဖြင့် ပေါင်း လေးကောင်ရှိရာ ဆင်မလေးမိုမိုမှာ အနေအထိုင်သန့်ရှင်းသပ်ရပ်ပြီး အစာစားရာတွင် အခြားဆင်ငယ်များကဲ့သို့ တွေ့ရာကြုံရာမစားတတ်ဘဲ အစာရွေးကြောင်း၊ အသက် ၆၀ ပြည့်နှစ်တွင် ဖျော်ဖြေရေးလုပ်ငန်းများအား အနားယူခဲ့ပြီး မျိုးဆက်သစ်ဆင်ငယ်လေးများအား ထိန်းကျောင်းရင်းဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၌ ယခုအခါ အေးချမ်းစွာနေထိုင်လျက်ရှိကြောင်း သိရသည်။ ဆင်မလေးမိုမို၏ ၆၈ နှစ်ပြည့်မွေးနေ့ပွဲအား အောက်တိုဘာ ၂၄ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ တိရစ္ဆာန်လေးများနှင့်အတူ ဓာတ်ပုံရိုက်ခြင်း၊ မျက်လှည့်ပြပွဲ၊ Comedy Show နှင့် ဂိမ်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း– ပွင့်သစ္စာ၊ ဓာတ်ပုံ– စိုးမြင့်အောင်**

---

**❍ စာမျက်နှာ ၆ မှ**

မဲဆန္ဒရှင်တစ်ဦးအနေဖြင့် လေ့လာကြည့်ရာ ယခင်ရွေးကောက်ပွဲများတွင် မဲစာရင်းကို အထွေထွေရွေးကောက်ပွဲတစ်ပွဲစာအတွက် တစ်ကြိမ်သာဆောင်ရွက်ခဲ့ကြပြီး နောက်ထပ်အထွေထွေရွေးကောက်ပွဲအတွက် အစမှပြန်၍ အသစ်တစ်ဖန်ပြန်လည်ပြုစုဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။ မည်သည့်မဲဆန္ဒရှင်စာရင်းမဆို လူဦးရေစာရင်းကို အခြေခံရပါသည်။ လူဦးရေဆိုသည်မှာ အတိုးအလျော့ဖြင့် အမြဲတမ်းပြောင်းလဲနေသည့်သဘောဖြစ်သည်။ မဲစာရင်းတွင်လည်း အမြဲတမ်းပြောင်းလဲဖြစ်ပေါ်နေမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ "….. အစကောင်းမှ အနှောင်းသေချာ ….." ဆိုသကဲ့သို့ မှန်ကန်သောမဲဆန္ဒရှင်အချက်အလက်များကို ရယူ၍ စနစ်တကျဖြင့် စီမံချက်ဖြင့် တစ်ကြိမ်ဆောင်ရွက်ထားခြင်းဖြင့် လစဉ်၊ နှစ်စဉ် အတိုးအလျော့ပြောင်းလဲဖြစ်ပေါ်မှုများကို ကာလအလိုက် ဆက်လက်စိစစ်ဆောင်ရွက်သွားခြင်းဖြင့် ရွေးကောက်ပွဲအစဉ်အဆက် အသုံးပြုနိုင်သော မှန်ကန်ရှင်သန်နေသော လူဦးရေစာရင်းနှင့် မဲဆန္ဒရှင်စာရင်းရရှိနိုင်မည်ဖြစ်ပြီး သင့်လျော်ကောင်းမွန်သည့် နည်းပညာအထောက်အကူဖြင့် လုပ်နည်းစနစ်များ ပြောင်းလဲဖော်ဆောင်ကျင့်သုံးရန် လိုအပ်နေပြီဖြစ်ကြောင်း မဲဆန္ဒရှင်တစ်ဦးအနေဖြင့် ယူဆမိပါသည်။ ဖြစ်နိုင်ပါက Immigration ဌာနက တာဝန်ယူ၍ စိစစ်ဆောင်ရွက်ထားသည့် အိမ်ထောင်စုလူဦးရေစာရင်းများကို တရားဝင်ရယူပြီး ကော်မရှင်က စီမံခန့်ခွဲသော Server တစ်ခုတည်ဆောက်ပြီး Electronic Document Management System (EDMS) ဖြင့် လူဦးရေစာရင်းများကို ထိန်းသိမ်းခြင်း၊ စိစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို ကော်မရှင်အဖွဲ့ခွဲရုံးများဖြင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ အတိုးအလျော့စာရင်းများကို ကာလအလိုက် ပုံမှန်စိစစ်ခြင်းဖြင့် ရွေးကောက်ပွဲရက်သတ်မှတ်လိုက်သည်နှင့် အသက် (၁၈) နှစ်အထက် အခြေခံမဲဆန္ဒရှင်စာရင်းတစ်စောင် မြန်ဆန်စွာရရှိနိုင်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများကို စိစစ်ကာ မဲဆန္ဒရှင်စာရင်း ဆက်လက်ပြုစုရန်နှင့် စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန် မျှော်လင့်ထားပါသည်။

**လစဉ်လူဦးရေစာရင်း ပုံမှန်ပေးပို့တင်ပြ**

မိမိတို့နိုင်ငံတွင် လူဦးရေစာရင်းဇယားများကို ပြုစုထိန်းသိမ်းဆောင်ရွက်ရသည့် ဌာနကြီးနှစ်ခုရှိပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ပြုစုထားသည့် လူဦးရေစာရင်းများကို စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းရသည့်ဌာနဖြစ်ပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေအရ လူဦးရေအခြေပြစာရင်း အ/ပုံစံ-၁(က)၊ ပြောင်းရွှေ့ဝင်ရောက်မှုနှင့် ပြောင်းရွှေ့ထွက်ခွာမှုစာရင်း အ/ပုံစံ-၁(ခ)၊ ရပ်ဝေးဒေသတွင် သွားရောက်အလုပ်လုပ်ကိုင်သူများ စာရင်း အ/ပုံစံ-၁(ဂ)၊ မွေးစာရင်းမှတ်ပုံတင် အ/ပုံစံ-၂၊ သေစာရင်းမှတ်ပုံတင် အ/ပုံစံ-၃၊ ဧည့်စာရင်း မှတ်ပုံတင် အ/ပုံစံ-၄ တို့ကို မှန်ကန်စွာဖြင့် စနစ်တကျပြုစုထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ လစဉ်လူဦးရေစာရင်းပြန်တမ်းများကိုလည်း အထက်အဆင့်ဌာနများသို့ ပုံမှန်ပေးပို့တင်ပြရကြောင်း သိရှိရပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးသည် ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) များ ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းထိန်းသိမ်းခြင်းများ ဆောင်ရွက်ရပါသည်။ အိမ်ထောင်စုများနှင့် အိမ်ထောင်စုဝင်များ ပြောင်းရွှေ့ဝင်ရောက်လာခြင်းနှင့် ပြောင်းရွှေ့ထွက်ခွာခြင်း လူဦးရေအတိုးအလျော့အခြေအနေကိုလည်း လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းရေးသွင်းခြင်း ဆောင်ရွက်ရပါသည်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ခြင်းနှင့် နိုင်ငံသားကတ်တစ်မျိုးမျိုး ထုတ်ပေးခြင်းတို့ကိုလည်း ဥပဒေပါတာဝန်များအရ ဆောင်ရွက်ပေးရပါသည်။ ယင်းတာဝန်များကို ဆောင်ရွက်ပေးနိုင်ရန် ကာယကံရှင်နိုင်ငံသားများလည်း နိုင်ငံသားတာဝန်နှင့်အညီ ကိုယ်တိုင် သွားရောက်လျှောက်ထားရန် တာဝန်ရှိပါသည်။

**အခြေခံအကျဆုံးလိုအပ်ချက်**

မဲစာရင်းအတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ နိုင်ငံသားဖြစ်မှုအထောက်အထားနှင့် နေထိုင်မှု၊ ပြောင်းဝင်မှုနှင့် ပြောင်းထွက်မှုအထောက်အထားပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲဥပဒေအရ မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကပြုစုထားသည့် အိမ်ထောင်စုလူဦးရေ စာရင်းတို့ကိုအခြေခံပြီး မဲဆန္ဒရှင်စာရင်းသို့ကူးပြောင်းပြုစုရခြင်းဖြစ်ရာ မူလအခြေခံရသည့် လူဦးရေစာရင်းများတွင် ပြည့်စုံမှန်ကန်ပြီး နောက်ဆုံးအခြေအနေအထိ စိစစ်ထားနိုင်မှသာ မဲစာရင်းတွင်လည်း ပြည့်စုံမှန်ကန်သော အချက်အလက်များ ရရှိမည်ဖြစ်ပါသည်။ မူလအခြေခံရသည့် လူဦးရေစာရင်းများတွင် မပြည့်စုံမှုများ၊ ကွဲလွဲချက်များနှင့် လိုအပ်ချက်များရှိနေပါက မဲစာရင်းသို့ ကူးပြောင်းပြုစုရာတွင် မလိုလားအပ်သော မှားယွင်းမှုများရှိနေ မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိဌာနအဖွဲ့အစည်းက ပြုစုထိန်းသိမ်းရသည့် လူဦးရေစာရင်းများနှင့် ပတ်သက်၍ ဥပဒေအရ တာဝန်ရှိနေသကဲ့သို့ တာဝန်လည်းကြီးလှပေသည်။ မဲစာရင်းအတွက် အခြေခံရသည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်နေပါလျက် မဲစာရင်းတွင် မဲမသမာမှုများဖြစ်စေနိုင်သည့် ဥပဒေနှင့်မညီညွတ်သော အခြေအနေများရှိနေပါက မဲဆန္ဒရှင်စာရင်းများပြုစုခြင်းနှင့် ပြင်ဆင်ခြင်းအတွက် တာဝန်ရှိသည့်ကော်မရှင်က တာဝန်ခံရပေလိမ့်မည်။

(ဆက်လက်ဖော်ပြပါမည်)

■

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့်ချေးငွေ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ကျပ် ၁၅ ဘီလီယံအား ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါချေးငွေကို အောက်ပါအချက်များနှင့် အကျုံးဝင် ကိုက်ညီသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလတစ်နှစ် သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည်ဖြစ်ပါသည် -

(က) အောက်ပါလုပ်ငန်းများက လျှောက်ထားနိုင်ပါသည် -
- (၁) ရုပ်ရှင်/ ဗီဒီယို/ ရုပ်သံ/ အသံလွှင့် စသည်တို့ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ပြသခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။
- (၂) တေးဂီတဝိုင်းများ၊ ထုတ်လုပ်သူများ၊ ဖြန့်ချိသူများ။
- (၃) ဇာတ်သဘင်၊ အငြိမ့် ဖျော်ဖြေမှုလုပ်ငန်းများ။
- (၄) စာနယ်ဇင်း ပုံနှိပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။

(ခ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသောလုပ်ငန်း ဖြစ်ရမည်။

(ဂ) ချေးငွေအား လုပ်ငန်းဆက်လက် လည်ပတ်ရန်ကိစ္စ အတွက်သာ အသုံးပြုမည့်လုပ်ငန်း ဖြစ်ရမည်။

(ဃ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန/အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

(င) ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း ဖြစ်ရမည်။

(စ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

(ဆ) ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းဖြစ်ရမည်။

(ဇ) လက်ရှိလည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယာယီရပ်စဲထားသော လုပ်ငန်းဖြစ်လျှင် ချေးငွေရရှိပါက ချက်ချင်း ပြန်လည်စတင်နိုင်သည့် လုပ်ငန်းဖြစ်ရမည်။

(ဈ) ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာ ဌာနမှ ခွင့်ပြုချက်/ လုပ်ငန်း လိုင်စင်ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။

(ည) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသောလုပ်ငန်း ဖြစ်ရမည်။

(ဋ) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်းခံထားရသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများ မဖြစ်စေရ။

(ဌ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့်လုပ်ငန်း မဖြစ်စေရ။

၃။ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှု ပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်း မရှိစေရန် စီစဉ်သွားမည်။

၄။ ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန်ဖော်ပြထားသည့် စာရွက်စာတမ်း အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၅။ လျှောက်လွှာများကိုအောက်ပါ ရုံး၊ ဌာနများတွင် ရယူနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

(ဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

၆။ လျှောက်လွှာများကို အောက်ဖော်ပြပါ website များမှလည်း ထုတ်ယူနိုင်ပါသည် -

(က) www.mifer.gov.mm။

စာမျက်နှာ ၉ သို့ ❍

## ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| **ကုမ္ပဏီဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | | |
| ၁။ | ကုမ္ပဏီမှတ်ပုံတင် လက်မှတ် | |
| ၂။ | အစုရှယ်ယာရှင်များစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း | |
| ၃။ | ချေးငွေရယူရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်/မှတ်တမ်း (မူရင်း) | |
| ၄။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | |
| ၅။ | ကုမ္ပဏီသမိုင်းကြောင်း မှတ်တမ်း | |
| ၆။ | ကိုဗစ်-၁၉ ချေးငွေရရှိပါက ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ် | |
| ၇။ | ချေးငွေပြန်လည်ပေးဆပ်မည့်အစီအစဉ် | |
| ၈။ | လုပ်ငန်းဓာတ်ပုံ | |
| ၉။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်)<br>လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၀။ | ဘဏ္ဍာရေးရှင်းတမ်း<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၁။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၁၂။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |
| **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | | |
| ၁။ | သက်တမ်းရှိ စည်ပင်လိုင်စင်/ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသောလိုင်စင် | |
| ၂။ | လုပ်ငန်းသမိုင်းကြောင်း မှတ်တမ်း | |
| ၃။ | ကိုဗစ်-၁၉ ချေးငွေရရှိပါက ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ် | |
| ၄။ | ချေးငွေပြန်လည်ပေးဆပ်မည့် အစီအစဉ် | |
| ၅။ | လုပ်ငန်းဓာတ်ပုံ | |
| ၆။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ စည်ပင်ခွန်)<br>လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၇။ | ဘဏ္ဍာရေးရှင်းတမ်း (ဝင်ငွေ၊ ထွက်ငွေ၊ အသုံးစရိတ်များ) * လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၈။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၉။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |

နောက်ဆက်တွဲ(က)

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့စီးပွားရေးဘဏ်**

**ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာ**

နေ့စွဲ၊ ၂၀၂၀ ခုနှစ်၊ လ ရက်

၁။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်း၏ အခြေခံအချက်အလက်များ
(က) လျှောက်ထားသောကုမ္ပဏီ/လုပ်ငန်းအမည် - ------------------------------
(ခ) ကုမ္ပဏီ/လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ------------------------------
(ဂ) ကုမ္ပဏီ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ - ------------------------------
------------------------------
(ဃ) လုပ်ငန်းအမျိုးအစား - ------------------------------
(င) လုပ်ငန်းသက်တမ်း - ------------------------------
(စ) မတည်ရင်းနှီးငွေပမာဏ - ------------------------------
(ဆ) လုပ်ငန်းလည်ပတ်ရင်းနှီးငွေပမာဏ - ------------------------------

၂။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုအခြေအနေ
(က) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းခန့်ထားသည့်ဝန်ထမ်းဦးရေ - ------------------------------
(ခ) လက်ရှိဝန်ထမ်းအရေအတွက် - ------------------------------
(ဂ) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းရရှိခဲ့သည့်ဝင်ငွေပမာဏ - ------------------------------
(ဃ) လက်ရှိရရှိနေသည့် ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း - ------------------------------
(င) လျော့ကျသွားသည့် ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း - ------------------------------

၃။ ချေးယူလိုသည့်ချေးငွေပမာဏနှင့် ချေးယူလိုသောသက်တမ်း (တစ်နှစ်ထက်မပိုရပါ) - ------------------------------

လက်မှတ် - ------------------------------
အမည် - ------------------------------
မှတ်ပုံတင်အမှတ် - ------------------------------
ရာထူး - ------------------------------
ဆက်သွယ်ရန် (ဖုန်း/အီးမေးလ်) - ------------------------------

# အသံညစ်ညမ်းမှု ဘယ်လိုထိန်းချုပ်ကြမလဲ

မေယု-မျိုးအောင် (MANA)

ညစ်ညမ်းခြင်းအမျိုးမျိုး၏ လိုအပ်ချက်များသည် ပြင်ပပစ္စည်းများ သို့မဟုတ် စွမ်းအင်များ သို့မဟုတ် သဘာဝအလျောက်ဖြစ်ပွားသောအရာများ ဖြစ်နိုင်သည်။ သဘာဝအဆင့်များကို ကျော်လွန်ပါက ညစ်ညမ်းစေသောအရာများအဖြစ် သဘောထားခြင်းခံရသည်။ လေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်း၊ မြေထုညစ်ညမ်းခြင်း အမျိုးမျိုးရှိသည့်အနက် အသံညစ်ညမ်းခြင်းသည်လည်း ညစ်ညမ်းမှုအမျိုးအစားတစ်ခုဖြစ်သည်။

**အသံချဲ့စက်ကို စတင်တီထွင်**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တွင် မွေးဖွားခဲ့သော ဖိလစ်အကယ်ဒမီကျောင်းဆင်း Edward W.Kellogg နှင့် မက်ဆာချူးဆက်ပြည်နယ်၌ မွေးဖွားခဲ့သော အယ်လ်ဘာနီအကယ်ဒမီနှင့် ဟားဗတ်ကောလိပ်ကျောင်းဆင်း လျှပ်စစ်အင်ဂျင်နီယာ Chester Williams Rice တို့နှစ်ဦးက ၁၉၂၅ ခုနှစ်တွင် အသံချဲ့စက်ကို စတင်တီထွင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း ကိုလိုနီလက်အောက်ကတည်းက အသံချဲ့စက်များကို အသုံးပြုခဲ့ကြသည်ဖြစ်ရာ အင်္ဂလိပ်တို့က အသံချဲ့စက်ဥပဒေပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရပေသည်။

၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော "ရဲအက်ဥပဒေပုဒ်မ ၃၉"တွင် "တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး မည်သူမဆို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပေးသည့် ခွင့်ပြုမိန့်မရှိဘဲ သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ မဟုတ်လျှင် အသံချဲ့စက်မသုံးရ သို့မဟုတ် မဖွင့်ရ သို့မဟုတ် အသုံးပြုရန် ဖွင့်ရန်မပြုရ"ဟု ပြဋ္ဌာန်းထားပြီး ယင်းဥပဒေပုဒ်မ ၄၁(က)၌လည်း အလားတူ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

လန်ဒန်မှ သုတေသီဆရာဝန်အဖွဲ့တစ်ဖွဲ့၏ လေ့လာချက်အရ ကားသံများ ဆူညံနေသော ဝန်းကျင်တစ်ခုတွင် နေထိုင်ရခြင်းကြောင့် မျှော်လင့်ထားသည့် လူ့သက်တမ်းပိုတိုနိုင်ပြီး လေဖြတ်နိုင်သောအန္တရာယ်ပိုများကြောင်း လန်ဒန်မြို့တစ်ဝန်း ဆေးရုံတင်ကုသရမှုများနှင့် ဆူညံမှုအဆင့်၊ သေဆုံးခြင်းမှတ်တမ်းများအပေါ် နှိုင်းယှဉ်ချက်စစ်တမ်းတွင် ဖော်ပြခဲ့ကြသည်။ ဆူညံမှုပမာဏ ၅၅ ဒက်စီဘယ် သို့မဟုတ် ယင်းထက်လျော့နည်းသည့် ပိုမိုတိတ်ဆိတ်ငြိမ်သက်သော ဒေသများတွင် နေထိုင်သူများထက် ဆူညံမှုပမာဏ ၆၀ ဒက်စီဘယ်ထက်ပိုသော ဆူညံသံများရှိရာနေရာများတွင် နေထိုင်သူများက သေဆုံးမှုလေးရာခိုင်နှုန်းပိုများကြောင်း သိရသည်။

အသံကို ဒက်စီဘယ် (Decibels – dB) ဖြင့် တိုင်းတာကြရာ ပုံမှန်စကားပြောသံသည် ဒက်စီဘယ် ၅၅ ဝန်းကျင်ရှိပြီး အသံချဲ့စက်မှအသံသည် ဒက်စီဘယ် ၁၀၀ နှင့်အထက်တွင်ရှိသည်။ ၇၅ **ဒက်စီဘယ်ထက်များသောအသံကို အမြဲကြားနေရပါက အကြားအာရုံချို့ယွင်းနိုင်သဖြင့် အိမ်ခန်းတွင်းမှအသံသည် ၃၀ ဒက်စီဘယ်ထက် နည်းသင့်ကြောင်း၊ အသံဆူညံမှုပမာဏ ၅၅ ဒက်စီဘယ်ထက်ပိုသော နေရာများတွင် နေထိုင်ခြင်းမှာ ကျန်းမာရေးအတွက် ပြဿနာများဖြစ်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အကြံပြုထားရာ ဒက်စီဘယ်ကိန်းဂဏန်းများလာလေ လူတို့၏နားကို ဒုက္ခပေးနိုင်လေဖြစ်သည်ဟု ပြောကြားသည်။**

**ပြဋ္ဌာန်းပါရှိ**

ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့ပြီး ပထမအကြိမ်ပြင်ဆင်သည့်ဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်မြောက်ပြင်ဆင်သည့်ဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ်မြောက်ပြင်ဆင်သည့်ဥပဒေကို ၂၀၁၆ ခုနှစ်တွင် "ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်"ဟု ပါရှိပြီး ပုဒ်မခွဲ(ဈ)တွင် "အသံချဲ့စက်ဖွင့်ခွင့်တောင်းခံခြင်းကို စည်းကမ်းချက်သတ်မှတ်၍ ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ အသံချဲ့စက်ဖွင့်သူ သို့မဟုတ် စည်းကမ်းဖောက်ဖျက်သူအား အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း"ဟု ပြဋ္ဌာန်းပါရှိသည်။

အသံချဲ့စက်ဖွင့်ခြင်းနှင့်စပ်လျဉ်း၍ (၁) အသံချဲ့စက်ဖွင့်မည့် သက်ဆိုင်ရာကာယကံရှင်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ၊ အသံချဲ့စက်ငှားရမ်းသူပိုင်ရှင်ကဖြစ်စေ၊ အကျိုးအကြောင်းနှင့် အသံချဲ့စက်ဖွင့်လိုသည့် ရက်နှင့်အချိန်ကို ဖော်ပြ၍ အနည်းဆုံးသုံးရက်ကြိုတင်လျှောက်ထားချက်ကို လက်ခံခြင်း၊ (၂) နည်းဥပဒေခွဲငယ် (၁) အရ လျှောက်ထားချက်ကို ရရှိပါက လိုအပ်သလို စိစစ်၍ **(ကက) သာမန်အားဖြင့် နံနက် ၆ နာရီမှ ည ၉ နာရီအထိသာ ခွင့်ပြုခြင်း၊ (ခခ) အများပြည်သူအား အနှောင့်အယှက်မဖြစ်စေရေးအတွက် ခွင့်ပြုသည့်ဥပစာအတွင်း အများပြည်သူကြားသိနိုင်ရုံမျှသာ ဖွင့်ခွင့်ပြုခြင်း၊ (ဂဂ) ခွင့်ပြုသည့်ကိစ္စမှတစ်ပါး အခြားကိစ္စများအတွက် အသုံးမပြုရန် ကြီးကြပ်ခြင်း၊ (ဃဃ) တာဝန်ရှိသူက လိုအပ်၍ ခွင့်ပြုချက်ရုပ်သိမ်းခြင်းကို လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ (၃) လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၏ သဘောထားမှတ်ချက်ကို ရယူခြင်း၊ (၄) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက အသံချဲ့စက်ဖွင့်ရန် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေခြင်း"ဟူ၍ ပြဋ္ဌာန်းထားသည်။**

**ဆူညံသံပမာဏမြင့်မားခြင်းသည် ကျန်းမာရေးအန္တရာယ်ကို ဆိုးဆိုးရွားရွား မဖြစ်ပေါ်စေနိုင်သော်လည်း သက်ကြီးရွယ်အိုများ၊ ငယ်ရွယ်နုနယ်သည့်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကျောင်းသားကျောင်းသူများအတွက်မူ သိသာသည့်ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်စေသဖြင့် နိုင်ငံအချို့တွင် ဆူညံသံကို ဥပဒေဖြင့် ထိန်းချုပ်လေ့ရှိ**

**ခွင့်ပြုမိန့်ရယူ**

ဥပဒေပုဒ်မ ၁၈ တွင် **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အသံချဲ့စက်ဖွင့်လိုပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုမိန့်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်" ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၇ တွင် – ပုဒ်မ ၁၇၊ ၁၈ နှင့် ၁၉ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက (၇) ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်"** ဟု ပြဋ္ဌာန်းဖော်ပြထားပါသည်။

ဆူညံသံပမာဏ မြင့်မားခြင်းသည် ကျန်းမာရေးအန္တရာယ်ကို ဆိုးဆိုးရွားရွားမဖြစ်ပေါ်စေနိုင်သော်လည်း သက်ကြီးရွယ်အိုများ၊ ငယ်ရွယ်နုနယ်သည့်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကျောင်းသားကျောင်းသူများအတွက်မူ သိသာသည့်ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်စေသဖြင့် နိုင်ငံအချို့တွင် ဆူညံသံကို ဥပဒေဖြင့် ထိန်းချုပ်လေ့ရှိသည်ဟု သိရသည်။

အများပြည်သူတို့အကြား တွင်တွင်ကျယ်ကျယ် ပြောဆိုနေကြသည့် ကိစ္စတစ်ရပ်မှာ ရပ်ကွက်၊ ကျေးရွာများအတွင်း ကျယ်လောင်စွာ ဖွင့်နေကြသည့် အသံချဲ့စက်များနှင့် ဆောင်းဘောက်များ၏ ဆူညံသံကိစ္စဖြစ်သည်။ **ထီကြော်ငြာ၊ ဆေးကြော်ငြာ၊ သစ်သီး၊ အချဉ်တွန်းလှည်းအစရှိသော လှည့်လည်ရောင်းချမှုများတွင် လော်စပီကာအသံများဖြင့် မရပ်မနား ကြော်ငြာရောင်းချနေမှုများကြောင့် အများပြည်သူတို့အနေဖြင့် ဆူညံသံများကို နေ့စဉ်နှင့်အမျှ ခံစားနေရသည်။** ပွင့်လင်းရာသီတွင် အလှူလှူပေါ်လာသည့် မဏ္ဍပ်အသီးသီးမှလည်း အသံချဲ့စက်နှင့်ဆောင်းဘောက်များကိုကျယ်လောင်စွာဖွင့်နေကြသဖြင့် အနီးပတ်ဝန်းကျင်ရှိ လူအများတို့မှာ နှစ်ထပ်ကွမ်း နားမခံသာဖြစ်ကြရသည်။ ဥပဒေကို မည်သူမျှ လိုက်နာခြင်းမရှိကြသည့်အပြင် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးအများစုကလည်း ယင်းအချက်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်မှုများရှိနေဆဲဖြစ်သည်။

**လက်ကိုင်လော်စပီကာကြောင့် ဆူညံသံကိစ္စ**

လတ်တလောကာလတွင် ရပ်ကွက်၊ ကျေးရွာများအတွင်း ကျယ်လောင်စွာ ဖွင့်နေကြသော ဈေးသည်အချို့၏ လက်ကိုင်လော်စပီကာကြောင့် ဖြစ်ပေါ်လာသည့် ဆူညံသံကိစ္စဖြစ်သည်။ စားဝတ်နေရေးကျပ်တည်းမှု၊ အလုပ်အကိုင်ရှားပါးမှုတို့ကြောင့် အခြေခံလူတန်းစားအချို့သည် ရပ်ကွက်အတွင်း ကားများ၊ တွန်းလှည်းများ၊ စက်ဘီးများဖြင့် ကုန်စိမ်း၊ ကုန်ခြောက်၊ ရေသန့် စသည်တို့ကို လမ်းလျှောက်ရောင်းချသူများလည်း ရှိသည်။

ထိုသို့ လှည့်လည်ရောင်းချရာ၌ အချို့မှာ လက်ကိုင်လော်စပီကာကို အသံကုန်ဖွင့်၍ မရပ်မနား ဆက်တိုက်ကြော်ငြာရောင်းချနေသဖြင့် ရပ်ကွက်နေ ပြည်သူလူထုတို့ နားမခံသာဖြစ်ကြရသည်။ ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုနှင့် နာတာရှည်မကျန်းမာသူတို့မှာ အဆိုပါဆူညံသံများကြောင့် စိတ်အနှောင့်အယှက်ကြီးစွာဖြစ်ကြရသည်။ အချို့ရပ်ကွက်များတွင် ရပ်ကွက်အတွင်း ဈေးရောင်းချသူများအနေဖြင့် လော်စပီကာကို အသံလျှော့ပေးကြပါရန်ဟူသည့် တိုက်တွန်းနှိုးဆော်ချက်ဆိုင်းဘုတ်များ ချိတ်ဆွဲထားရသည်အထိ ဖြစ်လာသည်။

အခမ်းအနား၊ ပျော်ပွဲရွှင်ပွဲများ၌ အသံချဲ့စက်ကို အသုံးပြုပါက သတ်မှတ်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာရုံမျှမက သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများနှင့် မွေးကင်းစကလေးငယ်များ ကျန်းမာရေးကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသော ဆူညံသံများဖြစ်ပေါ်စေပါက အသံချဲ့စက်ဖွင့်ခြင်းသည် ဥပဒေအရ အရေးယူနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

---

❍ စာမျက်နှာ ၈ မှ

( ခ ) www.moi.gov.mm။

( ဂ ) www.dica.gov.mm။

(ဃ) www.umfcci.com.mm။

၇။ လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါနေရာများ၌ လက်ခံသွားမည် ဖြစ်ပါသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။

(ခ ) တိုင်းဒေသကြီးနှင့်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

၈။ အွန်လိုင်းမှ လျှောက်ထားလိုသူများအတွက် Website လိပ်စာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ထက် ကျော်လွန်တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်းပြုမည် မဟုတ်ပါ။

၁၀။ ချေးငွေလျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါ ရုံး၊ ဌာနနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ | ၀၉ – ၄၄၅ ၈၆၃ ၉၈၂ ၀၉ – ၄၄၅၈၆၄ ၃၈၁ |
| (ခ) | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန။ | ၀၁ – ၆၅၈၁၂၂ ၀၁ – ၆၅၈၁၃၁ |

၁၁။ ကိုဗစ်–၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် အပိုဒ် ၂ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လုပ်ငန်းများအနေဖြင့် သတ်မှတ်ရက်အတွင်း ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်–၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# စက်သုံးဆီများ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို ယနေ့မှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် ၅၀ တွင် 92 Ron ၁၉၆၇၀၆၅၂ လီတာ၊ ဒီဇယ် ၁၂၂၀၅၉၀၆ လီတာနှင့် Premium ဒီဇယ် ၁၈၃၄၇၁၀၁ လီတာတို့ ဖြန့်ဖြူးရောင်းချပေးထားပြီး ဖြစ်သည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီဆိုင်လိပ်စာများအား ကြေညာခဲ့ပြီးဖြစ်သည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် ဖော်ပြပါဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂ ၀၈၂၆၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဖုန်း၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၀၀၀၆၇၉၄ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး /ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း

၂၂-၁၀-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | တစ်လီတာဈေးနှုန်း | | | ရောင်းချသည့်ဆိုင်အရေအတွက် |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁၈ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၃ |
| ၃ | နေပြည်တော် | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ၂ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | ၃ |
| ၅ | ရှမ်းပြည်နယ် | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | ၃ |
| ၆ | ရခိုင်ပြည်နယ် | ၁၁၈၂ | ၁၁၇၂ | ၁၁၇၉ | ၁ |
| ၇ | မွန်ပြည်နယ် | ၁၁၇၂ | ၁၁၆၂ | ၁၁၆၉ | ၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | ၁ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | ၆ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | ၈ |
| ၁၁ | ကချင်ပြည်နယ် | ၁၂၁၇ | ၁၁၉၇ | ၁၂၀၄ | ၁ |
| | | စုစုပေါင်း | | | ၅၀ |

## ရန်ကုန်တိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Terminal-202 | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်္ဂလာဒုံ |
| ၂ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အနောက်မျဉ်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းမကြီး၊ ထောက်ကြံ့မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာကွင်းအမှတ်(၅၆၇/A က) |
| ၅ | KZH ဆီဆိုင် | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ငါးမာန်အောင်ဘုရားအနီး၊ ရန်ကုန်မြို့ |
| ၆ | သရဖူ (အင်းစိန်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၇ | Yadanar Petrol Station (Dala) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒလ-တွံတေးကားလမ်း၊ စာပါချောင်ရပ်ကွက်၊ ဒလမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈ | သရဖူ (အင်းစိန်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒညင်းကုန်းဘူတာစုရပ်ကွပ်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၉ | Yadanar Petrol Staion (Kyauttan) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၈၃၆)၊သန်လျင်-ကျောက်တန်းလမ်းမကြီး၊ ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀ | Puma Power009 (South Okkalapa) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရတနာလမ်း၊ တောင်ဥက္ကလာ၊ ရန်ကုန် |
| ၁၁ | Yadanar Petrol Station (Taikgyi) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အိုးတန်းရပ်ကွက်၊ပြည်လမ်း၊တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၂ | Yadanar Petrol Station (Kayan) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၃)ရပ်ကွက်၊ ခရမ်း-ရန်ကုန်လမ်းမကြီး၊ ခရမ်းမြို့နယ်၊ အေးချမ်းသာမြို့သစ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၃ | PT Power(သာကေတ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂၃၅/ခ)၊ရွှေခင်းသာလမ်း၊၁၀တောင်ရပ်ကွက် |
| ၁၄ | Yadanar Petrol Station (Thanlyin) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁၀)၊ သိမ်ကျောင်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၅ | Yadanar Petrol Station(ဥက္ကံ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်၁၀/ခ၊ ပြည်လမ်း၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ ရန်ကုန် |
| ၁၆ | Yadanar Petrol Station (ကော့မှူး) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မကျီးကန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီး၊ ကော့မှူးမြို့၊ ရန်ကုန် |
| ၁၇ | Yadanar Petrol Station(ကွမ်းခြံကုန်း) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်၈၁၊ ဗိုလ်ချုပ်လမ်း၊ ကန်ကြီးပိုက်ရပ်ကွက်၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန် |
| ၁၈ | Yadanar Petrol Station (သုံးခွ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အောင်ဇေယျလမ်း၊ အမှတ် ၅ ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန် |

## မန္တလေးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | KS 031 | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | KS(031) အုန်းချောဆိုင်(မန္တလေး-ထုံးဖို) |
| ၂ | KS 027 | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS (027) ကျွဲတပ်ဆုံ(သာစည်မြို့) |
| ၃ | OK ENERGY ရမည်းသင်း | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန်-မန္တလေး လမ်းမကြီးဘေး ရွှေဒါးကျေးရွာ |

## နေပြည်တော်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Power(9)(PyinMaNa) | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန်-ပျဉ်းမနားလမ်းဟောင်း နှင်းဆီပန်းအဝိုင်းအနီး ပုဗ္ဗသီရိမြို့နယ် |
| ၂ | PT Power (သာဝတ္တိ) | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ကြာအင်းဇလုပ်ကျေးရွာအနီး၊ သာဝတ္တိကျေးရွာအုပ်စု |

## တနင်္သာရီတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | စန္ဒဝတ်ရွာ၊ ကျွဲစုလမ်း၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | ကုန်းပေါက်ရွာ၊ မြိတ်တောင်အုပ်စု၊ မြိတ်မြို့နယ် |
| ၃ | MICHILI FUEL | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | တိုင်းရုံးလမ်းခွဲ မြိတ်-ထားဝယ်လမ်းမကြီး ရွှေပေးကျေးရွာ စန္ဒဝတ်ကျေးရွာအုပ်စု မြိတ်မြို့ တနင်္သာရီတိုင်းဒေသကြီး |

## ရှမ်းပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Kyawel Ta Sone KS | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ကျွဲတပ်ဆုံကျေးရွာအုပ်စု၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂ | BOC (အောင်ပန်း) | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | "အမှတ်(၂၂) ပြည်ထောင်စုလမ်းမကြီးဘေး၊ ကလောတိုးဂိတ်အနီး၊ ကလောမြို့" |
| ၃ | BOC (တောင်ကြီး) | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | "အမှတ် ၁၂၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့" |

## ရခိုင်ပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | KS 022 | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS (022) လင်းမူတောင်ဆိုင် |

စာမျက်နှာ ၁၁ သို့ »»

» စာမျက်နှာ ၁၀ မှ

## မွန်ပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Denko ( မော်လမြိုင် ) | ၁၁၅၇ | ၁၁၅၂ | ၁၁၅၉ | ဆိုင်အမှတ်(၀၈၀၂)စစ်ကဲကုန်းရပ်ကွက် မော်လမြိုင်မြို့နယ် မွန်ပြည်နယ်။ |
| ၂ | Yadanar Petrol Station (Mawlamyine) | ၁၁၅၇ | ၁၁၅၂ | ၁၁၅၉ | မီးလောင်ပြင်လမ်း၊ မန္တလေးရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ |
| ၃ | Yadanar Petrol Station (Yae) | ၁၁၇၂ | ၁၁၆၇ | ၁၁၆၉ | တနင်္သာရီတိုင်းဒေသကြီး၊ အဏ္ဏဝါ ရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်။ |
| ၄ | Yadanar Petrol Station (Thanphyuzayut) | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | သံဖြူဇရပ်၊ဝဲရတ်ကျေးရွာအုပ်စု၊ဝဲသွန် ချောင်းရွာ၊မွန်ပြည်နယ်။ |

## မကွေးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | KS 025 | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS(025)အောင်လံဆိုင် (ကသစ်ကန်) |

## ပဲခူးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | PT Power (ခေတ္တရာ) | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | ထန်းပေါက်ကျေးရွာ၊ ငါးရွာကျေးရွာအုပ်စု၊ တာဝ |
| ၂ | ထက်ဧကရီ (အမှတ်-၂လမ်းမကြီး) | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ရန်ကုန်-မန္တလေး လမ်းမကြီး၊ (၁၀၅)တပ်ရှေ့၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၃ | Yadanar Petrol Station (Shwe Taung) | ၁၁၅၇ | ၁၁၅၂ | ၁၁၅၉ | ရန်ကုန်-ရွှေတောင်-ပြည်လမ်းမကြီး၊ |
| ၄ | Yadanar Petrol Station(လက်ပံတန်း) | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ကျွန်းတောကလေးကျေးရွာ၊ချမ်းသာကုန်းကျေးရွာ အုပ်စု၊ လက်ပံတန်းမြို့ |
| ၅ | Yadanar Petrol Station(သာယာဝတီ) | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | အမှတ်၁၀/ခ၊ ပြည်လမ်း၊ ဈေးပိုင်းရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူး |
| ၆ | Yadanar Petrol Station(သုံးဆယ်) | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | ရန်ကုန်-ပြည်လမ်း၊အရှေ့ဈေးကြီးရပ်ကွက်၊သုံး ဆယ်မြို့၊ ပဲခူး |

## ဧရာဝတီတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | KS 020 | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS (020) ရန်ကုန်တိုင်း မိုင်တိုင်(၂၃)မိုင် |
| ၂ | KS 016 | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS (016) ရန်ကုန်တိုင်း မိုင်တိုင်(၄၂)မိုင် |
| ၃ | KS 032 | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS (032) ပဲခူးမြို့ရှောင်လမ်း |
| ၄ | OKK | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | ပန်းတနော်မြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းမကြီး |
| ၅ | YKK (MUP) | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ဘုရားလမ်းနှင့် မြို့ရှောင်လမ်းထောင့်၊ (၂)ရပ်ကွက်၊ မအူပင်မြို့ |
| ၆ | YKK (DDY) | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ဒေးဒရဲတံတားအနီး၊ ချဉ်းကပ်လမ်း၊ (၂)ရပ်ကွက်၊ ဒေးဒရဲမြို့ |
| ၇ | Denko ( မကွေး-၁) | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | မကွေး-နတ်မောက်လမ်း၊ နံကပ်ကျွန်းကျေးရွာအုပ်စု၊ မကွေးမြို့။ |
| ၈ | SBP ( Kyone Ma Ngae ) | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ သီရိဟေမာရပ်ကွက် |

## ကချင်ပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Asia Energy (မြစ်ကြီးနား-ရွှေညောင်ပင်) | ၁၂၂၂ | ၁၂၀၂ | ၁၂၀၉ | ဦးပိုင်အမှတ်(၂၀)၊ ရွှေညောင်ပင်ကျေးရွာ အုပ်စု၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |

## တွေးဆမြင်ကြည့်စေချင်သည်

❖ "နတ်ချောင်းရေယဉ် မြကွင်းပြင်မှာ
ကောက်ပင်စိမ်းလဲ့ ယိမ်းနွဲ့နွဲ့နှင့်
တာဖွဲ့ကျယ်ဝင်း လယ်မြေခင်းလည်း
နတ်မင်းမချို့ ဖန်၍သို့"ဟု
ငယ်နုစဉ်က -
ဦးပုည၏
လှပချိုမြက် ကဗျာပန်းတစ်ခက်ကို
ကျက်မှတ်ခဲ့သမျှ မေ့မရခဲ့
စိမ်းလဲ့ ယိမ်းနွဲ့ "အင်းလေးဘွဲ့"သည်
ရင်တွင်းဆီသို့
နွဲ့မှိုဝင်ရောက်ခဲ့ပါသည်။
❖ မြရောင်တစ်ကန့် ရွှေတစ်ကန့်ဖြင့်
သက်တံပမာ ရောင်စဉ်ဖြာသော
လယ်တောယာခွင် အင်းရင်ပြင် - သို့
"ပြည်ခွင်စိမ်းမြ မြန်မာ့အလှတည့်
မြန်မာ့ပုံရိပ် မြန်မာ့စိတ်တည့်
ချစ်စိတ် ခင်စိတ် အေးချမ်းစိတ်တည့်
လှူစိတ် တန်းစိတ် ကုသိုလ်စိတ်တည့်
စိတ်မြတ် စိတ်ကောင်း မြန်မာ့လမ်းကြောင်းသည်
နှစ်ပေါင်းထောင်ချီ ကြာခဲ့ပြီ။
❖ ရှေးမြန်မာကြီးများ လက်ကမ်းသွားသည့်
ဘိုးဘွားအမွေ မြန်မာ့မြေသည်
တို့ခြေ တို့လက် တို့လက်ထက်မှ
မြရည်မစိမ်း ရွှေမလိမ်းလျှင် ....
ချစ်ခြင်း ခင်ခြင်း ကြင်နာခြင်းများ
ပျက်ယွင်းသွားလျှင် ....
ရိုင်းခြင်း ကြမ်းခြင်း မုန်းတီးခြင်းများ
လွှမ်းခြုံသွားလျှင် ....
နှစ်များရာထောင် ဂုဏ်ရည်ဆောင်သည့်
ရောင်ခြည်ဝင်းပ မြန်မာ့အလှတည့်
မြန်မာ့ပုံရိပ် မြန်မာ့စိတ်တို့
တိတ်ဆိတ်ကျဆုံး ပျက်သုဉ်းသွားလျှင် ...
"မြန်မာဟူသည် အဘယ်မည်တည့်"
ဂုဏ်ရည်လည်းပျောက် လူမျိုးပျောက်၍
လမ်းပျောက်သွားရ "မြန်မာ့ဘဝ"ကို
တွေးဆမြင်ကြည့်စေချင်သည်။ ။

ဆွေယင်းမာ(ရန်ကုန်တက္ကသိုလ်)

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း



# အသံထက်မြန်သည့် ကာကွယ်ရေးလက်နက်များ အမေရိကန်စမ်းသပ်ပစ်လွှတ်

**ဝါရှင်တန် အောက်တိုဘာ ၂၂**
အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အသံထက်မြန်သည့် ကာကွယ်ရေးလက်နက်များကို စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါအသံထက်မြန်သည့် ကာကွယ်ရေးလက်နက်များကို အမေရိကန်နိုင်ငံသာမက တရုတ်နှင့် ရုရှားနိုင်ငံတို့ကလည်း အပြိုင်အဆိုင် စမ်းသပ်တီထွင်လျက်ရှိသည်။

အဆိုပါ ကာကွယ်ရေးလက်နက်များသည် အသံထက် ငါးဆပိုကာ မြန်ဆန်စွာသွားလာနိုင်ပြီး ၎င်းတို့၏ ပစ်မှတ်လမ်းကြောင်းကို ဝင်ရောက်ဟန့်တားပယ်ဖျက်တိုက်ခိုက်နိုင်ရန် ခက်ခဲသည်။

အမေရိကန်ရေတပ်ဖွဲ့နှင့် ကြည်းတပ်ဖွဲ့တို့က ယမန်နေ့တွင် ဗာဂျီးနီးယားမြို့ရှိ နာဆာအာကာသစခန်းတစ်ခုမှ ဒုံးကျည်များပစ်လွှတ်ကာ အသံထက်မြန်သည့် အမျိုးအစားများပါဝင်သော ကာကွယ်ရေးလက်နက်များကို စမ်းသပ်ခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဆိုသည်။



အဆိုပါစမ်းသပ်မှုတွင် လက်တွေ့ကျသည့် ပတ်ဝန်းကျင်တစ်ခု၌ အသံထက်မြန်သည့် အဆင့်မြင့်နည်းပညာ၊ တိုက်ခိုက်ရေးစွမ်းရည်များနှင့် ရှေ့ပြေးပုံစံစနစ်များကို ပြသခဲ့သည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ပြောသည်။

၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်တွင်း အသံထက်မြန်သည့် ကာကွယ်ရေးလက်နက်များကို ဖြန့်ကြက်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အဆိုပါစမ်းသပ်မှုမျိုးကို အလက်စကာမြို့၌ စမ်းသပ်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

အသံထက်မြန်သော လက်နက်များထုတ်လုပ်ရန် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှုသည် အမေရိကန်၊ တရုတ်၊ ရုရှားနှင့် အခြားသောနိုင်ငံများအကြား ပိုမိုပြင်းထန်လာသည်။

ဇူလိုင်နှင့် ဩဂုတ်လအတွင်း၌ တရုတ်နိုင်ငံက နျူကလီးယားစွမ်းအင်သုံး အသံထက်မြန်သည့် ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ဗြိတိန်မီဒီယာများက ယခုလအစောပိုင်းတွင် သတင်းဖော်ပြသည်။ တရုတ်ကာကွယ်ရေးတပ်ဖွဲ့ကလည်း အသံထက်မြန်သည့် လွန်းပျံယာဉ်ကို သယ်ဆောင်သည့် ဒုံးပျံတစ်စင်းပစ်လွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါဒုံးကျည်သည် အာကာသအတွင်းရှိ ဂြိုဟ်ပတ်လမ်းကိုဖြတ်သန်းကာ ၎င်း၏ပစ်မှတ်ဆီသို့ ဦးတည်သွားခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ ရှန်ယန်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဂက်စ်အိုးပေါက်ကွဲမှုဖြစ်ပွား၊ သုံးဦးသေဆုံး

**ပေကျင်း အောက်တိုဘာ ၂၂**
တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ရှန်ယန်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ယမန်နေ့က ဂက်စ်အိုးပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၀ ကျော်ရှိကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ ကယ်ဆယ်ရေးလုပ်သားများနှင့် မီးသတ်သမားများရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။

ဂက်စ်အိုးပေါက်ကွဲမှုကြောင့် စားသောက်ဆိုင်နံရံများ ပြိုကျပျက်စီးသွားသည့်ဖြစ်စဉ်များကို မှတ်တမ်းတင်ဗီဒီယိုတစ်ခုတွင် တွေ့ရှိရသည်။ ဂက်စ်အိုးပေါက်ကွဲမှုကြောင့် စားသောက်ဆိုင်အနီးဝန်းကျင်နေရာများတွင်လည်း တုန်ခါမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါဂက်စ်အိုးပေါက်ကွဲမှုသည် အနီးဝန်းကျင်ရှိ မြေအောက်ဂက်စ်လိုင်းကို ထိခိုက်ခဲ့ခြင်းမရှိကြောင်း ဒေသန္တရမီဒီယာများက သတင်းဖော်ပြသည်။ စားသောက်ဆိုင် ဂက်စ်အိုးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**
■




# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၂၁၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၂၂**
မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၂၁၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၄၁၃၅၉၂ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၆၁၆၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် နူဟာစ်ဟာမ်အဗ္ဗဒူလာရှ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၉၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၂၃၄ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ပိုးတွေ့လူနာ ၈၉၃၃၇ ဦး ရှိပြီး ၆၆၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၃၀၆ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ၏ ၇၇ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၁ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**
■

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၈၅ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း အောက်တိုဘာ ၂၂**
ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၈၅ ဦးကို ထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၃၉၇၇ ဦးမှာ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ပြီး ရှစ်ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်းဒေသများ၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများကို တွေ့ရှိခဲ့ရာ ဟိုချီမင်းစီးတီး၌ ၁၂၀၅ ဦး၊ ဘင်ဒေါင်းခရိုင်၌ ၄၇၁ ဦးနှင့် ဒွန်နိုင်းခရိုင်၌ ၄၁၇ ဦးတို့ကို အသီးသီးတွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၈၁၅၂၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၂၁၅၄၃ ဦးရှိကာ ရောဂါမှပြန်လည်သက်သာလာသူ ၈၀၃၃၂၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

မြို့တော်ဟနွိုင်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနည်းပါးသောဒေသဖြစ်လာပြီး ဟိုချီမင်းစီးတီးသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အလယ်အလတ်အဆင့်ရှိသော ဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၆၀ ထပ်မံတွေ့ရှိ

**ဂျကာတာ အောက်တိုဘာ ၂၂**
အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၆၀ ကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၂၃၈၅၉၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၃၃ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၃၁၅၃ ဦးရှိလာသည်။ ထို့ပြင် ၁၂၃၁ ဦးမှာ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၀၈၀၃၅၁ ဦးရှိလာကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးသူပေါင်း ၁၁၁ ဒသမ ၄၉ သန်းရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသူ ၆၆ ဒသမ ၃၁ သန်းရှိကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်း ထိုးနှံပြီးသူပေါင်း ၁ ဒသမ ၀၉ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ လူဦးရေ ၂၀၈ ဒသမ ၂ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးစေရန် အစိုးရက ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံရှိ မူလတန်းကြိုကျောင်းနှင့် မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်

**ဖနောင်ပင် အောက်တိုဘာ ၂၂**

ကမ္ဘောဒီးယားနိုင်ငံ၌ လူဦးရေ အများအပြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်သည့်အတွက် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ပြီးစီးသည့်ဒေသများရှိ မူလတန်းကြိုကျောင်းများနှင့် မူလတန်းကျောင်းများအား ကမ္ဘောဒီးယားပညာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်သည်။



### သင်ကြားခွင့်ပြု

ထိုကဲ့သို့ ကျောင်းများပြန်လည်ဖွင့်လှစ်ရာ၌ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ဆရာ ဆရာမများနှင့် ကျောင်းသားများအား စာသင်ခန်းများအတွင်း သင်ကြားခွင့်ပြုခဲ့ပြီး အသက် ၅၀ ကျော်အရွယ်ရှိသော ဆရာ ဆရာမများကို အွန်လိုင်းမှ သင်ကြားခွင့်ပြုကြောင်း ပညာရေးဝန်ကြီး ဟန်ချောင်နာရွန်က ပြောကြားသည်။

စာသင်ခန်းများအတွင်း ကျောင်းသားဦးရေ ၁၅ ဦးမှ ၂၀ အထိသာ သင်ကြားခွင့်ပြုပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောင်းများအတွင်း မုန့်ရောင်းချခြင်းနှင့် အားကစားပြုလုပ်ခြင်းတို့ကို တားမြစ်ထားကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်များကို ပြီးခဲ့သောလအတွင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ခြင်းနှင့် ရောဂါကူးစက်မှုများ ကျဆင်းလာခြင်းကြောင့် ယခုကဲ့သို့ ကျောင်းများပြန်လည် ဖွင့်လှစ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးစီးသူပေါင်း ၁၃ ဒသမ ၆၃ သန်းရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူပေါင်း ၁၂ ဒသမ ၈၅ သန်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပြီးစီးသူပေါင်း ၁ ဒသမ ၅၆ သန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၀၆၄ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် အောက်တိုဘာ ၂၂**

အီရန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၀၆၄ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၈၄၄၅၈၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၆၅ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၄၉၂၈ ဦး ရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၃၈၈၄၉၆ ဦးရှိသည့်အနက် ၄၄၂၂ ဦးမှာ အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူနေကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးသူ ၅၀၃၇၃၄၈၈ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသူ ၂၈၂၉၁၇၇၇ ဦးရှိသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၄၃၅၃၃၂၈၃ | ဦး |
| သေဆုံးသူ | ၄၉၄၉၅၃၇ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၂၀၆၄၀၁၄၁ | ဦး |



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၇၈၆ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ အောက်တိုဘာ ၂၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၇၈၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၄၁၄၃၂၃၆ ဦး အထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

### ၂၃၁ ဦး ထပ်မံသေဆုံး

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၃၁ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၅၃၀၄၂ ဦး ရှိလာသည်။ လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၇၅၇၅၄ ဦး ရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ လူနာ ၁၈၆၄၁ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၃၃၅၁၄၄၄၉ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူနှင့် သေဆုံးသူအရေအတွက် စံချိန်တင်မြင့်တက်

**မော်စကို အောက်တိုဘာ ၂၂**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၇၁၄၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်ကူးစက်ခံရသူပေါင်း ၈၁၆၈၃၀၅ ဦးရှိလာကြောင်း ရုရှားနိုင်ငံရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောသည်။

### အများဆုံးဖြစ်

အဆိုပါ ရောဂါကူးစက်ခံရသူအရေအတွက်သည် နိုင်ငံအတွင်း ဗိုင်းရပ်ကူးစက်မှု စတင်သည့် လွန်ခဲ့သောနှစ်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် အများဆုံးဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၀၆၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၂၈၄၅၃ ဦး ရှိလာသည်။ အဆိုပါ သေဆုံးသူ အရေအတွက်သည်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့်နေ့စဉ်သေဆုံးသူအရေအတွက် အများဆုံးဖြစ်သည်။

### ရောဂါမှပြန်လည်သက်သာ

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၅၄၅၃ ဦး ရောဂါမှ ပြန်လည် ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၇၁၁၇၀၆၀ ရှိလာသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၁၆၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ မြို့တော်အတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၇၅၃၈၄၇ ဦးရှိလာပြီဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အပိုထပ်ဆောင်းထိုးနှံမှုခံယူခြင်းသည် ကိုဗစ်-၁၉ ရောဂါခုခံနိုင်စွမ်းကို ၉၅ ဒသမ ၆ ရာခိုင်နှုန်း အထိ မြင့်တက်စေနိုင်

**ဝါရှင်တန် အောက်တိုဘာ ၂၂**

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အပိုထပ်ဆောင်းထိုးနှံမှုခံယူခြင်းသည် ကိုဗစ်-၁၉ ရောဂါခုခံနိုင်စွမ်းကို ၉၅ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်စေနိုင်ကြောင်း အဆိုပါဆေးဝါးကုမ္ပဏီက ယနေ့သတင်းထုတ်ပြန်သည်။

Pfizer နှင့် BioNTech ဆေးဝါးကုမ္ပဏီများက Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား တတိယအကြိမ် အပိုထပ်ဆောင်း ထိုးနှံမှုအပေါ် လက်တွေ့စမ်းသပ်မှု ပြုလုပ်ပြီးနောက် အထက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

### ရောဂါခုခံနိုင်စွမ်း လျော့ကျသွား

ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူခြင်းသည် ခြောက်လကြာမြင့်သည့်အချိန်တွင် ရောဂါခုခံနိုင်စွမ်း လျော့ကျသွားကြောင်း အဆိုပါဆေးကုမ္ပဏီများမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

အမေရိကန်နှင့် ဥရောပဆေးဝါးအာဏာပိုင်များက ၎င်းတို့နိုင်ငံများအတွင်း၌ အသက် ၆၅ နှစ်နှင့်အထက်ပြည်သူများ၊ ရောဂါပြင်းထန်စွာ ခံစားနေရသူများနှင့် ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေး တတိယအကြိမ် အပိုထပ်ဆောင်းထိုးနှံရန် ခွင့်ပြုပေးခဲ့သည်။

အဆိုပါဆေးဝါးကုမ္ပဏီများက ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံမှုနှင့်ပတ်သက်ပြီး အသက် ၁၆ နှစ်နှင့်အထက်ပြည်သူ တစ်သောင်းအား စမ်းသပ်မှုများ လုပ်ဆောင်ခဲ့သည်။ ယင်းတို့အနက် ထက်ဝက်ခန့်အား ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံပေးခဲ့ရာ ၎င်းတို့ထံတွင် ကိုဗစ်-၁၉ ရောဂါ သာမကဗီဇပြောင်း ဒယ်လ်တာဗိုင်းရပ်စ်ကူးစက်မှုကိုပါ ခုခံနိုင်စွမ်း မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသည်။

အမေရိကန် ဆေးဝါးအာဏာပိုင်များက Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို ထပ်ဆောင်းထိုးနှံခွင့်ပြုခဲ့ပြီး တစ်ရက်အကြာတွင် Pfizer နှင့် BioNTech ဆေးဝါးကုမ္ပဏီများက အဆိုပါ သုတေသနလုပ်ဆောင်မှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ကမ္ဘောဇဘဏ်၌ အမျိုးသား ခြောက်ဦးက သေနတ်ပြခြိမ်းခြောက်ကာ ငွေကျပ်သိန်း ၃၀၀၀ ကျော် လုယက်ယူဆောင်

**နေပြည်တော် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ကမ္ဘောဇဘဏ်၌ အမျိုးသားခြောက်ဦး (စိစစ်ဆဲ)က သေနတ်ပြခြိမ်းခြောက်ကာ ငွေကျပ် သိန်း ၃၀၀၀ ကျော် လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၉)ရပ်ကွက် ၄၈ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်သို့ အမျိုးသားခြောက်ဦး ရောက်ရှိလာပြီး ဘဏ်အတွင်းသို့ဝင်ရောက်ကာ ဘဏ်တံခါးများ ပိတ်၍ ဘဏ်ဝန်ထမ်းများနှင့် ဘဏ်အတွင်းရှိနေသူများကို သေနတ်ပြခြိမ်းခြောက်ကာ ကောင်တာစားပွဲပေါ်ရှိ ငွေကျပ် သိန်း ၃၀၀၀ ကျော် ယူဆောင်၍ ဘဏ်အတွင်းရှိ ငွေလာရောက် အပ်နှံ/ ထုတ်ယူသူများ၏ လက်ကိုင်ဖုန်း ခြောက်လုံး လုယက်ယူဆောင်ပြီး ၁၅ မိနစ်အကြာတွင် ယာဉ်အမှတ်(စိစစ်ဆဲ)၊ Toyota Fielder အဖြူရောင် ယာဉ်ဖြင့် ဘဏ်မှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဘဏ်လုယက်မှုကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အသေးစိတ်ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၂၂**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**တရားစွဲတင်ပို့ခဲ့**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာနေ မ xxx ၂၂ နှစ်၊ ရှမ်းပြည်နယ် မူဆယ်မြို့ ၁၀၅မိုင်နေ မ xxx ၂၂ နှစ်၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဗားရှင်းကျေးရွာနေ မ xxx ၂၃ နှစ်နှင့် ပဲခူးတိုင်းဒေသကြီး လယ်ဦးကျေးရွာနေ မ xxx ၂၁ နှစ် တို့လေးဦးကို တရုတ်နိုင်ငံတွင် အလုပ်အကိုင်ရရှိမည်ဟု လိမ်လည်စည်းရုံးခေါ်ဆောင်ပြီး တရုတ်အမျိုးသားနှင့် အိမ်ထောင်ပြုလုပ်ပေးရန် စီစဉ်ခဲ့သဖြင့် ချင်းရွှေဟော်နယ်မြေရဲစခန်းက (ပ) ၉/ ၂၀၂၀ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး လောက်ကိုင်မြို့နယ် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် တရားခံ ကျော်ဇင်ထွန်းအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅နှစ်၊ အောင်ဖြိုးဆွေ၊ ဝင်းဇော်ဦး၊ ဇော်မင်းနှင့် မိုးမင်းတို့လေးဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်ကော်၊ ဘားအံနှင့် ရွှာင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

လှိုင်ကော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီတွင် လှိုင်ကော်မြို့ ဧက(၅၀၀) ရပ်ကွက် လှိုင်ကော်-လောပိတသွား ကားလမ်းတွင် ပြည့်ဖြိုးအောင်မောင်းနှင်ပြီး ဇော်လင်းနိုင်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂,၀၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ဇာသပြင် (အရှေ့) ကျေးရွာနေ မချိုမြင့်(ခ) အိအောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မင်းဇော်ချစ်(ခ) ကိုချစ်ကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁,၈၀၀၊ အိုက်စ် သုညဒသမ ၈၀၁ ကီလို၊ ဘိန်းစာရွက် သုည ဒသမ ၆၅ ကီလိုနှင့် ဘိန်းစာရည် ၆ လီတာကိုလည်းကောင်း။

ထို့ပြင် အောက်တိုဘာ ၂၁ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှာင်မြို့နယ် ယုံတောင်ကျေးရွာအနီးတွင် ထွန်းထွန်ဝင်း(ခ)ထွန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၈ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အောက်တိုဘာ ၂၃ ရက်(စနေနေ့)တွင် ထုတ်ဝေသည့် ရွှေသွေးဂျာနယ်တွင် အသက်ကြီး၍ ခန္ဓာကိုယ်အင်အား လျော့နည်းနေသော်လည်း အတွေ့အကြုံရင့်ကျက်ပြီး ဗဟုသုတပြည့်ဝသော လူကြီးများအပေါ် လူငယ်များက လေးစားသင့်ကြောင်း ပညာပေး တင်ဆက်ထားသည့် "အတွေ့အကြုံ" မျက်နှာဖုံးဇာတ်လမ်း၊ တိုးတက်လာသောခေတ်နှင့်အညီ သုံးစွဲမှုများပြားလာသော ဖုန်းများကို မိမိတို့နှင့် နီးနီးကပ်ကပ်ထားအိပ်ပါက ရရှိလာမည့် ဆိုးကျိုးအချို့ကို ကလေးတို့လိုက်နာရန် ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ဖုန်းကို မိမိအနားမှာထား၍ အိပ်စက်သင့်ပါသလား" သုတဆောင်းပါး၊ မည်သည့်ကိစ္စမဆို အလွဲလွဲအချော်ချော်လုပ်တတ်သော ဖိုးဇော်အကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "အလွဲများ" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအပေါ် စိတ်ကောင်းထားကာ ပြုစုလုပ်ကိုင်ပေးပါက မိမိတွင်လည်း ကောင်းကျိုးရရှိနိုင်ပုံကို ပညာပေးရေးဖွဲ့ထားသည့် "ရတနာ" ပုံပြင်၊ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရေးဖွဲ့ထားသည့် "ဖိုးလပြည့်"တစ်မျက်နှာ ကာတွန်း၊ မိမိပြုလုပ်ခဲ့သည့် ကောင်းကျိုးနှင့် မကောင်းကျိုးတို့၏ အကျိုးဆက်များကို မိမိတို့ကိုယ်တိုင် ခံစားရမည်ဖြစ်ကြောင်းကို ကလေးတို့အတွက် အတုယူဖွယ် တင်ဆက်ထားသည့် "ပန်းပဲဆရာ" ဝတ္ထု၊ အတွေ့အကြုံရင့်ကျက်သော ပညာရှိငါးကြီး၏ ပြောစကားကို လိုက်နာကျင့်သုံး၍ အသက်ဘေးမှလွတ်ကင်းသွားသော ငါးငယ်များအကြောင်းကို ရေးဖွဲ့ထားသည့် "ပညာရှိသောငါးကြီး" နှစ်မျက်နှာကာတွန်း၊ အလုပ်တစ်ခုခုကို လုပ်ဆောင်ရာ၌ တစ်ခါတစ်ရံတွင် အမှားများနှင့် ကြုံတွေ့ရတတ်ပုံ၊ ထိုကဲ့သို့ ကြုံတွေ့လာပါကလည်း ထိုအမှားမျိုး ထပ်မံမဖြစ်စေရန် ဆင်ခြင်သင့်ပုံနှင့် မိမိအမှားကို အကျိုးရှိစေမည့် အခြားနည်းလမ်းတို့ကို ရှာဖွေလုပ်ဆောင်သင့်ပုံရေးဖွဲ့ထားသည့် "အိမ့်နှစ်" နှစ်မျက်နှာကာတွန်း၊ ရေတွက်၍ရသော နာမ်များနှင့် ရေတွက်၍ မရသောနာမ်များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍအပါအဝင် ဉာဏ်စမ်း၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် တင်ဆက်ထားသည်။




**သတင်းစဉ်**



# မြန်မာနိုင်ငံအတွင်း ဆောင်းခိုငှက်များစတင်ဝင်ရောက်
# ဖမ်းဆီးသတ်ဖြတ်ရောင်းဝယ်မှုများမပြုလုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်လို

**မန္တလေး အောက်တိုဘာ ၂၂**
မြန်မာနိုင်ငံအတွင်း ဆောင်းခိုငှက်များစတင်ဝင်ရောက်လျက်ရှိရာ အရေးကြီးရေဝပ်ဒေသများနှင့် အခြားကုန်းတွင်းဒေသများသို့ လာရောက်သည့်ဆောင်းခိုငှက်များကို ဖမ်းဆီးသတ်ဖြတ်ရောင်းဝယ်မှုများမပြုလုပ်ခြင်းဖြင့် သက်ရှိလောကနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်လိုအပ်ပေသည်။

ဆောင်းခိုငှက်များသည် ၎င်းတို့ သားပေါက်နေထိုင်ကျက်စားရာ ကမ္ဘာ့မြောက်ခြမ်းအအေးပိုင်းဒေသများတွင် မျိုးဆက်တည်တံ့ခြင်း၊ အသက်ဆက်လက်ရှင်သန်နိုင်စေရန် အတွက်ပူနွေးသောကမ္ဘာ့တောင်ဘက်ခြမ်းဒေသများသို့ ခေတ္တပြောင်းရွှေ့ ဆောင်းခိုကြရကြောင်း၊ မြန်မာနိုင်ငံသို့ ပျံသန်းလာကြသည့် ဆောင်းခိုငှက်များ၏ အဓိကကျက်စားရာနေရာဖြစ်သော အင်းတော်ကြီးကန်၊ အင်းလေးကန်၊ ပလိပ်အင်း၊ ပျူကန်၊ မိုးယွန်းကြီးအင်း၊ မုတ္တမပင်လယ်ကွေ့၊ နံ့သာကျွန်း၊ မိန်းမလှကျွန်းနှင့် တနင်္သာရီကမ်းရိုးတန်းဒေသများ ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင်ကျက်စားကြပြီး မေလတွင်လာရာလမ်းဖြစ်သည့် ကမ္ဘာ့မြောက်ခြမ်းဒေသများသို့ သားပေါက်ရန် မျိုးဆက်တည်တံ့ရေး မိုင်ပေါင်းထောင်ချီခရီးဝေး ပျံသန်းကြကြောင်း သိရသည်။

"ကိုဗစ်မဖြစ်ခင်ကတော့ ဒီလိုဆောင်းခိုငှက်တွေ ဝင်ရောက်လာပြီဆိုရင် ငှက်စာရင်းကောက်ဖြစ်ကြတယ်၊ အဖွဲ့ပေါင်းစုံနဲ့ပေါ့၊ ၂၀၂၀ ဇန်နဝါရီလတုန်းက ကောက်ထားခဲ့တဲ့စာရင်းတွေအရဆိုရင် ပလိပ်အင်းမှာ မျိုးစိတ် ၄၂ မျိုး၊ ကောင်ရေ ၃၈၀၀ ကျော်၊ ဇနောအင်းမှာ မျိုးစိတ် ၁၉ မျိုး၊ ကောင်ရေ ၆၈၀ ကျော်၊ ပျူကန်မှာ မျိုးစိတ် ၃၂မျိုး၊ ကောင်ရေ ၄၅၀၀ ကျော် ရှိခဲ့တယ်လို့သိရပါတယ်၊ ကိုဗစ်ဖြစ်တော့ ခရီးသွားလာတာ နယ်မြေအကန့်အသတ်တွေရှိတော့ မလုပ်ဖြစ်တော့ဘူး။ ရွှေ့ပြောင်းကျက်စားတဲ့ ငှက်မျိုးစိတ်တွေကို ငှက်ရောင်းတဲ့သူတွေရဲ့ခြင်းတွေထဲမှာ အများကြီးတွေ့နေရတယ်၊ ဖမ်းဆီးရောင်းဝယ်သတ်ဖြတ်တာတွေမလုပ်ခြင်းဖြင့်သက်ရှိလောကနဲ့သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရာလည်း ရောက်ပါတယ်" ဟု ငှက်လေ့လာသူဝါသနာရှင် မန္တလေးဒေသခံတစ်ဦးကပြောကြားသည်။



မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်း ၁၁၃၆ မျိုးရှိရာ ဆောင်းခိုငှက်မျိုးစိတ် ၄၀၀ ပါဝင်ကြောင်း ငှက်စာရင်း ကောက်သုတေသနပြုသူအချို့၏ မှတ်တမ်းများအရသိရပြီး နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုအန္တရာယ်များကြောင့် မျိုးစိတ်သာမက အကောင်အရေအတွက်များပါ လျော့နည်းလာကြောင်း၊ ကမ္ဘာတစ်ဝန်း ဆောင်းခိုငှက်အကောင်ရေ ကျဆင်းလာခြင်းမှာ ကျက်စားနယ်မြေများ လျော့နည်းလာခြင်း၊ ရေဝပ်ဒေသများ တိမ်ကောပျောက်ကွယ်ခြင်း၊ လူထုအသုံးပြုမှုများပြားခြင်းနှင့် ဖမ်းဆီးစားသုံးခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ကာမိုင်းမြို့အင်းတော်ချောင်းတွင် ဆီမီးတစ်ထောင် ရေမျှောပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မိုးညှင်း အောက်တိုဘာ ၂၂**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့ အင်းတော်ချောင်းပေ(၃၀၀)တံတားအနီး၌ ရှင်ဥပဂုတ္တမထေရ်မြတ်အား ဟင်္သာဖောင်တော်နှင့်တကွ ဆီမီးတစ်ထောင် ရေမျှောပူဇော်ပွဲကို အောက်တိုဘာ ၂၁ ရက် ညနေ၅နာရီခန့်တွင် နှစ်စဉ်နှစ်တိုင်း ရှေးရိုးအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ကာမိုင်းမြို့အတွင်းရှိရပ်ကွက်၊ ကျေးရွာများမှ စေတနာရှင်ပြည်သူများ၊ သုဂတိမဂ္ဂလူမှုကူညီရေးအသင်းမှ အသင်းသူအသင်းသားများ စုပေါင်းကာ အောက်တိုဘာ ၂၁ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့) ညနေပိုင်းတွင် အင်းတော်ချောင်း ပေ(၃၀၀)တံတားအနီး၌ ရှင်ဥပဂုတ္တမထေရ်မြတ်အား ဟင်္သာဖောင်တော်နှင့်တကွ ဆီမီးတစ်ထောင် ရေမျှောပူဇော်ရာတွင် ဒေသခံပြည်သူများက အိုးစည်ဗုံမောင်းဒိုးပတ်များနှင့် ပြောသံများဖြင့် ရှေးရိုးအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ဖွဲ့သူရအောင်(ပြန်/ဆက်)**

## ပဲခူးမြို့ ဟင်္သာကုန်းစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကားတည်ဆောက်

**ပဲခူး အောက်တိုဘာ ၂၂**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့် ပဲခူးမြို့တွင် တည်ထားကိုးကွယ်ထားရှိသော ရှေးဟောင်းသမိုင်းဝင်ဟင်္သာကုန်းစေတီတော်မြတ်ကြီးတွင် ပြည်တွင်း၊ ပြည်ပဘုရားဖူးများ အသုံးပြုနိုင်ရေးအတွက် ဓာတ်လှေကား တည်ဆောက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဓာတ်လှေကား တည်ဆောက်ရာတွင် ငွေကျပ်သိန်း ၂၇၀၀ ကျော်ကုန်ကျမည်ဖြစ်ပြီး လူ ၁၂ ဦး အတက်အဆင်း ပြုလုပ်နိုင်မည်ဖြစ်ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အနယ်နယ်အရပ်ရပ်ရှိ (၇)ရက်သားသမီးရဟန်းရှင်လူ၊ စေတနာရှင် မိဘပြည်သူများ စုပေါင်းလှူဒါန်းမှု၊ အများပေါင်းစု ကောင်းမှုပြုလုပ်ကာ စေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်အနီးတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့်လည်း ဦးရဲထွန်း (ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၀၅၂-၂၂၀၁၈၃၉)၊ ဦးဌေးလှိုင် (တိုင်းဒေသကြီးဦးစီးမှူး၊ သာသနာရေး ၀၉-၂၅၉၀၁၀၅၁၆)၊ ဦးတင်ထွန်း ၀၉-၄၂၅၃၆၁၇၉၀၊ ဦးအေးဝင်း ၀၉-၇၈၄၈၁၆၄၆၀၊ ဦးအောင်သူဟိန်း ၀၉-၉၆၀၀၃၈၆၈၂တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တည်ဆောက်တပ်ဆင်**

ပဲခူးမြို့တွင် ဓာတ်လှေကား တည်ဆောက်တပ်ဆင်ပြီးသော စေတီတော်များမှာ မြန်မာနိုင်ငံ၌ ဉာဏ်တော် အမြင့်ဆုံး ဖြစ်ပြီး ဉာဏ်တော်အမြင့် ၃၇၃ပေရှိသည့် ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီးနှင့် ဆံတော်ရှင် စူဠာမဏိ(ရွှေအောင်ရွှေ) စေတီတော်မြတ်ကြီးတို့ဖြစ်ပြီး ယခု ရှေးဟောင်းသမိုင်းဝင် ဟင်္သာကုန်းစေတီတော်မြတ်ကြီးသည် သုံးဆူမြောက် ဓာတ်လှေကား တည်ဆောက် တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

■

## နောင်ချိုမြို့နယ်၌ အောက်ဆီဂျင်စက်ရုံဖွင့်လှစ်

**နောင်ချို အောက်တိုဘာ ၂၂**
ရှမ်းပြည်နယ်( မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာတွင် ဘန့်ဘွေးကျောင်းဦးစီးပဓာနနာယက ဆရာတော်၊ ဘန့်ဘွေးကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကရုဏာလူမှုကူညီရေးအသင်းနှင့် အာယုဒါနဆေးခန်းတို့၏ ဦးဆောင်လှူဒါန်းမှု၊ အလှူရှင်အသီးသီးတို့၏လှူဒါန်းမှုများဖြင့် တည်ဆောက်ပြီးစီးသော ကရုဏာ အောက်ဆီဂျင်စက်ရုံဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက်နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို ဘန့်ဘွေးကျောင်းတိုက်အတွင်း ဆောက်လုပ်ခဲ့ပြီး စက်ရုံတည်ဆောက်မှုတန်ဖိုးကျပ်သိန်း ၂၅၀၊ ထရန်စဖော်မာအိုး ၂၀၀ အတွက် ကျပ်သိန်း ၂၅၀၊ အောက်ဆီဂျင်စက်တန်ဖိုးကျပ်သိန်း ၉၈၀ ကုန်ကျခဲ့ကြောင်း၊ အဆိုပါစက်ရုံမှ တစ်နာရီလျှင် အောက်ဆီဂျင် ၄၀ လီတာအိုးရှစ်လုံးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

## တနင်္သာရီကမ်းရိုးတန်းရေပြင်တွင် ကင်းမွန်ဖမ်းရာသီရောက်ရှိ၍ လုပ်ငန်းများ ပြန်လည်စတင်

**မြိတ် အောက်တိုဘာ ၂၂**
တနင်္သာရီကမ်းရိုးတန်း ရေပြင်၌ မိုးရာသီကာလတွင် ရပ်နားထားသည့် ကင်းမွန်ဖမ်းဆီးခြင်းလုပ်ငန်းကို ရာသီဖွင့်ကာလရောက်ရှိလာပြီဖြစ်သည့်အတွက် လုပ်ငန်း ပြန်လည်လုပ်ကိုင်နေကြပြီး စက်သုံးဆီဈေးနှုန်း မြင့်တက်မှုကြောင့် ကုန်ကျစရိတ်များ ယခင်နှစ်ကထက် ပိုမိုကုန်ကျလျက်ရှိပြီး ကိုဗစ်ကာလဖြစ်သည့်အတွက် ဈေးကွက်အနေဖြင့် ထိုင်းဈေးကွက် တစ်ခုသာရှိကြောင်း ကင်းမွန်လုပ်ငန်းရှင်များထံမှ သိရသည်။

ကင်းမွန်ဖမ်းလုပ်ငန်းလုပ်ကိုင်ရာတွင် ဒေသခံကမ်းဝေးလှေများအနေဖြင့် တစ်လလျှင် ငွေကျပ်သိန်း ၁၅၀ နှင့် သိန်း ၂၀၀ကြား စရိတ်ကုန်ကျပြီး ကမ်းနီးလှေငယ် အနေဖြင့်ငွေကျပ်သိန်း ၅၀ မှသိန်း ၇၀ ကြား စရိတ်ကုန်ကျကြောင်း၊ ဒီဇယ်ဆီဈေးအနေဖြင့် ယခင်နှစ်ကထက် သုံးဆခန့်တက်သွားကြောင်း၊ ဈေးကွက်အနေဖြင့် ကိုဗစ်မဖြစ်ခင်ကာလတွင် တရုတ်နိုင်ငံက မြိတ်ဒေသအထိ လာဝယ်ခဲ့ကြပြီး ကိုဗစ်ကာလဖြစ်သည့်အတွက် လာဝယ်ယူမှု မရှိတော့ကြောင်း၊ လက်ရှိအချိန်တွင် ထိုင်းဈေးကွက်တစ်ခု တည်းသာရှိကြောင်း သိရသည်။

“မြိတ်ဒေသအနေနဲ့ကြည့်မယ်ဆိုရင် မောတောင်လမ်းကြောင်းကို ကင်းမွန်မခဲဘဲ အစိမ်းပို့ရရင် ကုန်ကျစရိတ်သက်သာမှာပါ။ မောတောင်လမ်းကြောင်းက ကင်းမွန်ကို အစိမ်းပို့ခွင့်မပေးထားဘဲ အေးခဲပြီးမှ ပို့လို့ရပါတယ်။ ခဲပြီးပို့ရခြင်းအားဖြင့် မြိတ်ဒေသမီတာခနဲ့ အေးခဲခကအလွန်ဈေး မြင့်ပါတယ်။ ရန်ကုန်မှာ အေးခဲခ တစ်ကီလို ၁၅၀ လောက်ပဲရှိပြီး မြိတ်မှာ တစ်ကီလို ၅၀၀ လောက်ရှိတော့ အေးခဲခ တော်တော်လေး ကုန်ကျပါတယ်။ ဒေသထဲကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတွေ ဝင်လာရင် ဒေသအတွက် အကျိုးရှိမှာပါ” ဟု မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။

ကင်းမွန်ဖမ်းဆီးခြင်းကိုလုပ်ငန်းသဘောသဘာဝအရ မြန်မာလဆန်းလဆုတ်ရက်များတွင် လုပ်ငန်းလုပ်ကိုင်ကြ၍ကင်းမွန်လှေများက လဆုတ် ၂ ရက်တွင် လုပ်ငန်း စတင်လုပ်ကိုင်ကြကာ ပင်လယ်ထဲ တွင် လုပ်ငန်းလုပ်ကိုင်သည့်ရက် အနေဖြင့် ၂၃ ရက်ခန့်လုပ်ကိုင်ကြပြီး ကမ်းကို ပြန်လည်ဝင်ရောက်ကြကြောင်း၊ တနင်္သာရီ ကမ်းရိုးတန်းရေပြင်တွင် မြိတ်ခရိုင်ကင်းမွန်လုပ်ငန်းရှင်များအသင်းဝင် ဒေသခံကမ်းဝေး ကင်းမွန်လှေ အစင်းရေ ၃၀၀ ခန့်နှင့်ဒေသခံကင်းမွန်လှေငယ်အစင်းရေ ၁၀၀၀ ခန့်ဖြင့် ကင်းမွန်ဖမ်းဆီးခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက် )**



# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂,၈၆၃ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၁-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၂-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၂,၈၆၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၂၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇ ဒသမ ၁၉) ရာခိုင်နှုန်းရှိပါသည်။**

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၇၀၀,၇၇၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၂,၅၀၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၀၀၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၄၅,၇၄၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၆) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၄၉၁) ဦးရှိပါသည်။

- **သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှုမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။**
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာနေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက် ခံယူခြင်း
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၂-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃,၂၈၂)ခု | (၁၉၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၉)ခု | (၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၇)ခု | (၈)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၁)ခု | (၁၄)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁၀)ခု | (၄၇)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၉၀)ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၃၀)ခု | (၅၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၂၈၈)ခု | (၇၇၇)ဦး |
| စုစုပေါင်း | (၁၂,၈၆၃)ခု | (၉၂၅)ဦး |

  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.mohs.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၁၈၀၄၈၁ | ၃၅၈၉၈၀၄၃ | ၇၅၃၈၄၅ |
| ၂။ | အိန္ဒိယ | ၃၄၁၄၄၉၄၈ | ၃၃၅၁၄၄၄၉ | ၄၅၃၁၀၁ |
| ၃။ | ဘရာဇီး | ၂၁၆၉၇၃၄၁ | ၂၀၈၇၅၉၉၉ | ၆၀၄၇၆၄ |
| ၄။ | ဗြိတိန် | ၈၆၈၉၉၄၉ | ၇၀၈၆၀၉၆ | ၁၃၉၃၂၆ |
| ၅။ | ရုရှား | ၈၁၆၈၃၀၅ | ၇၁၁၇၀၆၀ | ၂၂၈၄၅၃ |
| ၆။ | တူရကီ | ၇၇၇၂၆၀၄ | ၇၂၀၁၆၂၀ | ၆၈၄၇၂ |
| ၇။ | ပြင်သစ် | ၇၁၀၈၂၀၆ | ၆၉၀၀၉၅၆ | ၁၁၇၄၁၁ |
| ၈။ | အီရန် | ၅၈၄၄၅၈၉ | ၅၃၈၈၄၉၆ | ၁၂၄၉၂၈ |
| ၉။ | အာဂျင်တီးနား | ၅၂၇၇၅၂၅ | ၆၁၄၁၂၈၈ | ၁၁၅၇၉၆ |
| ၁၀။ | စပိန် | ၄၉၉၅၁၇၆ | ၄၈၄၆၄၅၆ | ၈၇၁၀၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၃၈၅၉၄ | ၄၀၈၀၃၅၁ | ၁၄၃၁၅၃ |
| ၂။ | ဖိလစ်ပိုင် | ၂၇၄၅၈၈၉ | ၂၆၃၇၅၃၁ | ၄၁၅၂၀ |
| ၃။ | မလေးရှား | ၂၄၁၃၅၉၂ | ၂၃၀၃၅၈၃ | ၂၈၂၃၄ |
| ၄။ | ထိုင်း | ၁၈၃၁၃၈၉ | ၁၇၁၀၄၄၇ | ၁၈၆၂၅ |
| ၅။ | ဗီယက်နမ် | ၈၈၁၅၂၂ | ၈၀၃၃၂၆ | ၂၁၅၄၃ |
| ၆။ | မြန်မာ | ၄၉၂၅၀၉ | ၄၄၅၇၄၈ | ၁၈၄၉၁ |
| ၇။ | စင်ကာပူ | ၁၆၂၀၂၆ | ၁၃၂၈၉၂ | ၂၈၀ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၇၅၀၀ | ၁၁၂၃၈၃ | ၂၇၁၅ |
| ၉။ | လာအို | ၃၄၅၁၈ | ၂၇၁၉၀ | ၄၉ |
| ၁၀။ | ဘရူနိုင်း | ၁၁၆၇၂ | ၉၀၉၁ | ၇၉ |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကိုလိုက်နာစို့**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**နေပြည်တော် အောက်တိုဘာ ၂၂**
မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ငွေကျပ် ၀ ဒသမ ၂၅၀ သန်းဖြစ်သည်။** ယနေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁၅-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၂၆,၂၇၈,၅၁၅,၁၄၂.၅၃ |
| (+) ၁၈-၁၀-၂၀၂၁ မှ ၂၂-၁၀-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂၅၀,၀၀၀.၀၀ |
| ၂၂-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၂၆,၂၇၈,၇၆၅,၁၄၂.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၅-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၇,၁၆၂,၃၄၉.၅၃ |
| (+) ၁၈-၁၀-၂၀၂၁ မှ ၂၂-၁၀-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| ၂၂-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၇,၁၆၂,၃၄၉.၅၃ |

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့
အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၁၈-၁၀-၂၀၂၁ ရက်နေ့မှ ၂၂-၁၀-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၈-၁၀-၂၀၂၁ | ၂၅၀,၀၀၀ |
| ၁ | ဦးငွေလွင် (ရန်ကုန်မြို့) | ၁၅၀,၀၀၀ |
| ၂ | ဒေါ်ခင်စန်းခင် (တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| | | |
| | (၁၈-၁၀-၂၀၂၁ ရက်နေ့မှ ၂၂-၁၀-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂၅၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်း

**နေပြည်တော် အောက်တိုဘာ ၂၂**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများ၊ မြဝတီနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ နှစ်ခုမှ ယာဉ်စီးရေလေးစီးဖြင့် အောက်ဆီဂျင်ထုတ်သည့်စက်ကိုးခု၊ Test Kit ၁၀၅ ခုနှင့် လက်အိတ် ရှစ်တန် တင်သွင်းခဲ့ပြီး အောက်ဆီဂျင်ထုတ်သည့်စက် ကိုးခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ လေးခု၊ ချင်းရွှေဟော်မှ ဆင်ပေါင်ဝဲမြို့၊ မင်းတုန်းမြို့၊ သရက်မြို့၊ စလင်းမြို့နှင့် ပွင့်ဖြူမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၂၂**
အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီလေးခုမှ Cetirizine Hydrochloride Tablet ၄၈၇၂ ခု၊ R Ziric Tablet ၉၇၂ ခု၊ Pantoprazole Injection ၁၀၀၀၀၊ Enoxatil Injection ၁၅၀၀၀၊ Detection Kit For Covid-19 ၁၀၅ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Respirator ၁၀၃၂၀၊ Diagnostic Ultra Sound System တစ်ခု၊ Blood Pressure Monitor ၅၇၂၀၊ Spare Part Oxygen Booster Pump တစ်ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် လေးခုနှင့် ဆေးဝါးမျိုးစုံ ၃၆ မျိုး ၇၇၁၀၀ ဒသမ ၄၆ ကီလိုဂရမ်၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီနှစ်ခုတို့မှ လက်အိတ် ၇၉၈၁ ကီလိုဂရမ်၊ Shoe Cover ၃၀၀ ကီလိုဂရမ်၊ Surgical Gown ၁၃၀၀၀၊ Disposable Face Mask ၃၀၀၀ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့



## ပုသိမ်မြို့နယ်အတွင်း အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**ပုသိမ် အောက်တိုဘာ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ယနေ့တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် ယနေ့ နံနက်ပိုင်းမှစတင်၍ ပုသိမ်မြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခဲ့သည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာသို့ ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝေသန်း၊ အတွင်းရေးမှူး ရဲမှူး တင်လှိုင်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး မင်းမင်းတို့သည် ပုသိမ်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်လံအားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ရိုဇီခင်တင့်ထူး

## ဦးဖိုးကျား

(၁၆-၁၀-၂၀၂၁ ရက်နေ့မှအဆက်)

"မောင်ခ မြန်မာစာတတ်သည်ဟု ကျွန်ုပ် ခြားသည်၊ ကျွန်ုပ် မြန်မာစာ ဖတ်ချင်သည်း"

မောင်ခသည် ဘာမျှပြန်မပြောဘဲ အိမ်ပေါ်သို့ အမြန်တက်သွားပြီး ဘုရားစင်ဘေးက မိမိ၏ စာအုပ်မျိုးစုံကို တစ်ပွေ့ပွေ့လာ၍ ရိုဇီရှေ့တွင် ချထားပြီးနောက် လှည့်ထွက်သွားမည်အလုပ်တွင်

"အိုး ... အပုံကြီး ချေးဇူးတင်သည်း၊ အိုး- နေပါဦး၊ မြန်မာကဗျာကို ဖတ်ချင်သည်း၊ ဘခေါ်တယ် ... ဟို ဒွေးချိုးတို့ တေးထပ်တို့ ဆိုတာ သည်းဟာတွေပါတဲ့ စာတစ်အုပ် ရွေးပေးပါ မောင်ခ"

မောင်ခသည် မြန်မြန်လွတ်ချင်သည်နှင့် အဆင်သင့် အပေါ်ဆီကရှိသော မဟာဂီတစာအုပ်ကိုဆွဲ၍ တေးထပ်ခန်းကို လှန်လိုက်ရာ စာမျက်နှာ ၁၂၆-၁၂၇ တို့ပေါ်လာ၏။ "ရော့-ဒီမှာ တေးထပ်တွေပါတယ်၊ ဖတ်ကြည့်တော့"ဆို၍ ပေးလိုက်၏။

ရိုဇီသည် အပေါ်ဆုံးထိပ်က နံပါတ် ၁၈၀ မယ်ဘွဲ့ တေးထပ်ကိုအလျင်တွေ့ရှိ၊ စာလုံးပေါင်း၍ ဖတ်လိုက်သည်မှာ....

"ထက်ဝေယန် ဘုံကြွမှာ၊ ဝါသဝ ဘုန်းကြွယ်၊ ရွှေဖူးစာ နီးလွယ်အောင် ဖန်လာတယ် လေဘိ "

"အိုး ... ဒါဘာတွေလဲ တစ်လုံးမှ နားမလည်ပါဘူး"

"ဝေယန်က ဝေဇယန္တာဆိုတဲ့သိကြားနေတဲ့ ပြာသာဒ်၊ ဝါသဝက သိကြား၊ နဖူးစာဆိုတာက နဖူးမှာ ဘယ်သူနဲ့ ဘယ်သူ ညားရမယ်ဆိုတဲ့စာ"

"ဩော် ... နဖူးမှာ ဘယ်သူနဲ့ဘယ်သူညားဖို့ စာပါသတဲ့လား၊ ဆေးရုံမှာ လူကောင်ကို အမြဲဖျက်ကြည့်နေတဲ့ ဆရာဝန်တွေဟာ စာတွေ့တယ်လို့ တစ်ခါမှ မကြားဖူးပါကလား"

"စာအစစ် ဟုတ်ချင်မှဟုတ်မယ်ဗျ၊ တစ်ဦးနဲ့ တစ်ဦးညားဖို့ အကြောင်းကံရှိတယ်လို့ ဆိုချင်တာနဲ့တူတာပဲ"

"အိုး-ရေးတာတခြား၊ အဓိပ္ပာယ်တခြား၊ မြန်မာကဗျာ ဘယ်မှားကောင်းလို့လဲ"

"အဲဒီလို အဓိပ္ပာယ်နက်နက်တွေးယူရတာဟာ ကောင်းတာပေါ့ဗျာ ." (မခံချင်စိတ်နှင့် ခပ်ဆတ်ဆတ်ပြောသည်)

"နေပါဦး၊ ပြီးတော့ သိကြားဆိုတာက ဘာလဲ" "သိကြားဆိုတာက မိုးပေါ်မှာနေတဲ့ နတ်တွေရဲ့ ရှင်ဘုရင်"

"အို .. အိုင် ဆီး၊ ဩော် ..ဟိန္ဒူဘာသာမှာလာတဲ့ ဟိန္ဒူနတ်အင်ဒရ (Indra) ကိုခေါ်တယ် မှတ်တယ်၊ ဟား ဟား .. မောင်ခတို့ မြန်မာတွေက ကုလားနတ်တွေကို အရေးတယ်ယူပါကလား၊ ကိုင်း ကိုင်း ... နေပါဦး၊ အဲဒီ သိကြားက ဘာလုပ်တယ်"

"သိကြားက ယောကျ်ားနဲ့မိန်းမ နှစ်ယောက်ကို ညားဖို့၊ လင်မယားဖြစ်ဖို့ စီမံပေးတာပေါ့"

"ဟင်း ... နတ်ရှင်ဘုရင်ရဲ့ အလုပ်ဝတ္တရားထဲမှာ သမီးရည်းစားစပ်ပေးရတဲ့ အောင်သွယ်အလုပ်လည်း ပါသလား"

"ဟာ ... ခင်ဗျား အင်မတန် ကတ်သီးကတ်သတ်နိုင်တယ်၊ မသိဘူးဗျာ" (မောင်ခစိတ်တို၍လာသည်)

"နေပါဦး၊ အဲဒီသိကြားကစပ်ပေးတဲ့ယောကျ်ားနဲ့ မိန်းမဟာ ဘယ်သူနဲ့ဘယ်သူတဲ့လဲ၊ နာမည်ကို သိလား"

"ဟာ ဘယ်သိမလဲဗျ"

"ထင်ကော မထင်တတ်ဘူးလား"

"မထင်တတ်ဘူး"

"အင်း အင်း ... ထားပါတော့၊ ဒါဖြင့် ဤယခုတေးထပ်သည်း သိကြားက ညားလွယ်အောင် ဖန်တီးပေးတယ်ဆိုတဲ့သဘောပေါ့။ အင်း ... ဟုတ်ပေသည်၊ အို ... ဒါဖြင့် မြန်းမာကဗျာဟာ ဘယ်မှာခက်လို့လဲ"

"ဒီက အဓိပ္ပာယ် ပြောပေးပြီးမှကိုး၊ လွယ်မှာပေါ့။ ကိုင်း ... ရော့၊ ဟောဒါ ဖတ်စမ်း" ဆို၍ ကိုးခန်းပျို့ ကဗျာပထမပိုဒ်ကို ပြလိုက်လေ၏။

ရိုဇီဖတ်ကြည့်ရာ "ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပဟုန်းစုံ၊ ဖက်မဲ့ကြုံးသား၊ အားသုံးထောင်ထား၊ မျိုးလေးပါး၏။ ကက်ပွားစောင်းမာန်၊ လွှားတံခွန်ကို... "ဟု တွေ့ရလေသည်။

"အဲဒါကော နားလည်ရဲ့လား"

"ဟင့်အင်း ... နားမလည်ဘူး၊ တချို့ကြားတောင် မကြားဖူးဘူး၊ မောင်ခ အဓိပ္ပာယ်ပြောပေးပါ"

"ကျွန်တော်လည်း မသိဘူး"ဟု ဇာတ်ကြောကို ဖြတ်ပစ်လိုက်လေ၏၊ ရိုဇီကလည်း ရိပ်မိ၏။

"ကိုင်း ... ကိုင်း မသိရင်လည်းနေပါ၊ ခြံထဲဘာထဲကို လှည့်ကြည့်ချင်သည်း၊ လိုက်ပြစမ်းပါ" မောင်ခသည်လည်း ငါတော့ ချောက်ကျတာပဲဟု ညည်းညူကာ စိတ်မပေါ့တပါနှင့် လိုက်၍ပြရလေ၏။

"ကဲ ... ခင်ဗျားနာမည်ကို ဆက်ပါဦး"
"အဲ .. အဲ .. "ရိုစီ"ကို ပြောပြီးပြီ၊ "ခင်တင့်"က မြန်မာနာမည်ရင်းပေါ့။
အဖျားက "ထူး "ကလည်း အင်္ဂလိပ် ထုံးစံအရထည့်ထားတာ၊
သူတို့ ထုံးစံအရ အဖနာမည်ကို အဖျားက ဆက်ထည့်တတ်တယ်၊
အခု ကျွန်မ မခင်တင့်၊ အဖေက ဦးထူးဆိုတော့ "ခင်တင့်ထူး" ဖြစ်လာတယ်၊
မြလွင်ရဲ့ အဖ ဦးမြင့်ဆိုရင် "မြလွင်မြင့်"၊ ခင်သိန်းရဲ့အဖေ ဦးမဲ့ဆိုရင်
"ခင်သိန်းမဲ့" ၊ တင်မေရဲ့အဖေ ဦး ..."

ဒီမိန်းမ မြန်မြန်စိတ်ပျက်ရင် မြန်မြန်ပြန်မှာပဲဟု ရှေးဦးစွာ သရက်ပင်ကိုတွေ့ရာ အထူးအဆန်း အနေနှင့်.....

"အဲဒါ သရက်ပင်ခေါ်တယ်"

ရိုဇီကပြုံး၍ "အို ... အိုင်ဆီး၊ ဩော် ... သရက်သီးသည်း ဒီအပင်မျိုးက သီးတာကိုးနော် ... နေပါဦး မောင်ခ၊ သရက်သီး စားဖူးသလားဟု ပြန်၍ပက်လိုက်လေ၏။

"ဟာ ... သရက်သီး ဘယ့်နှယ်မစားဖူးရှိမလဲဗျာ"

"မောင်ခတို့ဆီက တောသားတွေစားတဲ့ သရက်သီးကို ပြောသည်မဟုတ်ဘူး၊ မြို့သူတွေစားတဲ့ သရက်သီးကို ပြောခြင်းဖြစ်သည်"ဟု နှံလိုက်လေ၏။

မောင်ခသည် အောက်နှုတ်ခမ်းကိုက်နေလေ၏။ "ဟိုအကိုင်းကြားထဲမှာ သရက်သီး အစိမ်းတစ်လုံး မြင်ရသည်း ဆွတ်ပေးပါ မောင်ခ"

"ဒီအပင် အင်မတန် ခါချဉ်ကိုက်တယ်၊ ဘယ်သူမှ မတက်ဝံ့ဘူး"

ရှေ့သို့လျှောက်သွားကြရာ မောင်ခက "အဲဒါက ပိန္နဲပင်ခေါ်တယ်"ဟု ပြောလိုက်ပြန်၏။

"ပိန္နဲသီးတစ်လုံး တက်ခူးပေးပါ"

"မမှည့်သေးဘူး" ရှေ့နားရောက်ပြန်သော်

"ဟောဒါတွေက နှင်းဆီပင်တွေ"

"နှင်းဆီပွင့်တစ်ပွင့် ခူးပေးပါ"

မောင်ခမှာ ဆင်ခြေရှာမရ၍ တစ်ပွင့်ခူးပေးလိုက်ရလေ၏။ ပန်းကိုပန်ပြီးနောက် "ဒီမှာ မောင်ခ၊ ကျွန်ုပ်သည်ပန်းနှင့် တော်ရဲ့လား"

"ပုံပန်းကတော့ အလှသား, အတော်သားပဲ၊ အယူအဆတွေ၊ အမူအရာ အပြောအဆိုတွေက ဖျက်လို့ ခွကျနေတာ"ဟု အမေးနှင့် မဆိုင်လှသော်လည်း ဝမ်းထဲတွင်ရှိသည်ကို ထွက်သွားလေ၏။ ရိုဇီကလည်း အသံအတော်ထွက်အောင် ရယ်လိုက်လေ၏။

ထိုအတွင်း မောင်သန်းသည် ရိုဇီကို မနက်ထမင်းစားလာ၍ခေါ်လေ၏။ သုံးယောက်သားသည် နွားခြံရှေ့သို့ရောက်သော် လက်သပ်မွေးထားသော နွားထီးကြီးလေးကောင်ကိုပြ၍ "နွားဆိုတာ ဒါကိုခေါ်တယ် "ဟု မောင်ခက စပြန်လေ၏။

"အို ... အိုင်ဆီး၊ ကျွန်ုပ်တို့ ကော်ဖီနဲ့သောက်တဲ့ နွားနို့ဟာ ဒီအကောင်ကြီးတွေဆီက ရတာကိုနော်၊ နေပါဦး၊ ဘယ်အနားက နို့ထွက်သလဲ"ဟု ပြန်၍ ခွထိုးလိုက်လေ၏။

မောင်ခသည် ဘာဖြစ်ဖြစ် မတော်တရော် ပြောတော့မည်ဟု ပြင်နေစဉ် မောင်သန်းကဝင်၍ "မဟုတ်ဘူး မမရဲ့၊ ဒါကနွားထီးတွေ၊ နွားမကမှ နို့ထွက်တယ်၊ နွားမတွေက ဟိုဘက်ခြံမှာ"ဟု ဝင်၍ ကယ်လိုက်ရလေ၏။

ရိုဇီက "အိုင် ... အိုင်ဆီး"ဟု ဆိုလိုက်၏။

မောင်ခက "နေပါဦး၊ ခင်ဗျားက အိုင်ဆီး- အိုင်ဆီးနဲ့ ဘာကို ပြောတာလဲ"ဟု မေးလိုက်၏။

"အိုင်ဆီးဆိုတာ မောင်ခတို့မတတ်တဲ့ အင်္ဂလိပ် စကားဖြစ်သည်း၊ ကျွန်ုပ်နှုတ်ကျိုးနေသည်၊ အဓိပ္ပာယ်ကတော့ ဩော်...သိပြီ၊ နားလည်ပြီ ... လို့ဆိုလိုသည်"

ထိုအခါ မောင်ခက အားကျမခံဘဲ "အို ... အိုင်ဆီး"ဟု လွှတ်လိုက်လေ၏။

ယနေ့အထိ မောင်ခသည် ရိုဇီနှင့်အတူ ထမင်းတစ်ခါမျှ မစားခဲ့လေ၊ တစ်နည်းနည်းဖြင့်ရှောင်၍ တော်ရာမှာစားခဲ့၏။ ယခုမနက် ထမင်းစားချိန်၌ကား ရိုဇီက မစားမနေရဆို၍ အတူစားရတော့၏။ ရိုဇီသည်လည်း ထိုအခါမှစ၍ စကားပြော မဝဲလှတော့ချေ။ ရိုဇီက ဇွန်းခက်ရင်းဖြင့်စား၏။ မောင်ခက မိရိုးဖလာအတိုင်း လက်ဖြင့်စား၏။

"မောင်ခ လက်နဲ့စားတာဟာ အင်မတန် ညစ်ပတ်တယ် မဟုတ်လား"

"လက်ကို ရေစင်စင်ဆေးစားရင် မညစ်ပတ်ပါဘူး"

"မဟုတ်ဘူး မောင်ခ၊ ဘယ်နည်းနဲ့မှ မစင်နိုင်ဘူး၊ ဆေးပြီးစက စင်တယ်ထားဦး၊ စားနေရင်း လက်ဆီတို့ ဘာတို့ ထွက်နိုင်တယ်၊ ပြီးတော့ ဟင်းခွက်ထဲကို လက်နဲ့နှိုက်တော့လည်း မသန့်ရှင်းဖြစ်ကုန်တာပဲ၊ အရွဲ့မတိုက်ပါနဲ့ မောင်ခရယ်၊ ဇွန်းနဲ့ ခက်ရင်းနဲ့ စားတာက ကျန်းမာရေးမှာ မုချပိုကောင်းရမယ်မဟုတ်လား" မောင်ခသည် ဤအချက်ကို မငြင်းနိုင်ချေ။ ရိုဇီက ဆက်ပြန်သည်ကား ...

"အခု ကမ္ဘာမှာ ယဉ်ကျေးတယ်ဆိုတဲ့ ဥရောပ- အမေရိကန်အနောက်တိုင်းသားတွေရော၊ တရုတ်၊ ဂျပန် စတဲ့ အရှေ့ဘက် တိုင်းကြီး ပြည်ကြီးသားတွေရော အားလုံးပဲ လက်နဲ့မစားမသောက်ကြဘူး၊ ဇွန်းခက်ရင်း၊ တူတို့နဲ့ စားကြသောက်ကြတယ်၊ ရှင်တို့ မြန်မာတွေ ကုလားတွေနဲ့ ကပ္ပလီ စတဲ့ လူရိုင်းတွေက လက်နဲ့စားကြတာ၊ အဲဒါဟာ မြန်မာတွေ ပြုပြင်ကြဖို့ မကောင်းဘူးလား"

"အင်း ကောင်းသလောက်တော့ ကောင်းပါလိမ့်မယ်၊ နို့-ဇွန်းခက်ရင်းအတွက် စရိတ်ပိုမကုန်ဘူးလား"

"ထပ်မကုန်လှပါဘူး၊ အခုပဲ ဟင်းခွက်ငါးပိခွက်တို့အတွက် ဇွန်းကိုသုံးနေပြီ မဟုတ်လား၊ နည်းနည်းပါးပါးသာ ထပ်ဖြည့်ရတော့မယ်၊ ဖြည့်ရသည့်အတွက်လည်း အကျိုးက နှစ်ဆ၊ သုံးဆ မက ပိုရနိုင်ပါတယ်"

မောင်ခသည် ဘာမျှပြန်မပြောချေ။ ပြောစရာလည်းမရှိလှ၊ မောင်ခသည် ယခုတစ်ခါဖြင့် စကားပြောတော့မည်၊ ရှောင်မနေတော့ဘူး၊ ပြုပြင်လျှင်လည်း ရမည့်မိန်းကလေးနှင့်တူ၏ဟု စကားဆက်၍ ပြောဟန်ကား-

"ခင်ဗျားကို စကားပြောချင်တယ်ဗျာ၊ ခင်ဗျားအမူအရာအသုံးအနှုန်းတွေဟာ မကောင်းတာများပါတယ်၊ ဥပမာဗျာ ...ခင်ဗျားနာမည်က ဘာတဲ့ "

"ရိုဇီခင်တင့်ထူး "

"မြန်မာနာမည် ရိုးရိုးတော့မဟုတ်ဘူး၊ အဓိပ္ပာယ် ပြောစမ်းပါဦး"

"ရိုဇီက အင်္ဂလိပ်အသုံးအနှုန်း၊ မိန်းကလေးများ၏ အမည်တစ်ခုဖြစ်တယ်၊ အဓိပ္ပာယ်က မြန်မာလိုတော့ မနှင်းဆီပေါ့။ နှင်းဆီပန်းလို လှတယ်၊ မွှေးတယ်၊ အရောင်ကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ကျွန်မပါးနဲ့နှုတ်ခမ်းမှာ နှင်းဆီရောင်ဆိုးထားတာ ပိုမလှဘူးလား"

မောင်ခကပြုံးကာ "စိတ်မဆိုးနဲ့နော်၊ ကျွန်တော်တည့်တည့်ပြောမယ်၊ မြန်မာအသားနဲ့ ခင်ဗျားနှင်းဆီရောင်နဲ့ မလိုက်ဘူး၊ နှုတ်ခမ်းမှာလည်း ကွမ်းစားထားတဲ့အရောင်နဲ့မှလိုက်တာဗျ၊ အဲဒီတော့ ခင်ဗျားနောက်ကို ဆေးမဆိုးပါနဲ့ ကွမ်းစားပြီး မှန်ထဲကြည့်စမ်းပါ၊ အခုထက် ၁၀ ဆ လှလာစေရဲ့" ရိုဇီသည် များစွာပြုံးရယ်၍

"ကဲရှင် ... ရှင့်အကြိုက်ပဲ လုပ်ပါ့မယ်တဲ့ .."ဟု ပြောလိုက်၏။

"ကဲ ... ခင်ဗျားနာမည်ကို ဆက်ပါဦး"

"အဲ .. အဲ .. "ရိုစီ"ကို ပြောပြီးပြီ၊ "ခင်တင့်"က မြန်မာ နာမည်ရင်းပေါ့။ အဖျားက "ထူး "ကလည်း အင်္ဂလိပ် ထုံးစံအရထည့်ထားတာ၊ သူတို့ ထုံးစံအရ အဖနာမည်ကို အဖျားက ဆက်ထည့်တတ်တယ်၊ အခု ကျွန်မ မခင်တင့်၊ အဖေက ဦးထူးဆိုတော့ "ခင်တင့်ထူး" ဖြစ်လာတယ်၊ မြလွင်ရဲ့ အဖ ဦးမြင့်ဆိုရင် "မြလွင်မြင့်"၊ ခင်သိန်းရဲ့အဖေ ဦးမဲ့ဆိုရင် "ခင်သိန်းမဲ့" ၊ တင်မေရဲ့အဖေ ဦး ..."

"ဦးပေါက်တူးဆိုရင်"ဟု မောင်ခက ထောက်လိုက်ရာ

"အဲ-အဲ-တင်မေပေါက်တူးပေါ့"ဟု ရယ်မော၍ ရိုဇီက အစသတ်လိုက်လေ၏။

တစ်ဖန်ဆက်၍ "မောင်ခအဖေက ဦးဘဆိုတော့ "မောင်ခဘ" နို့မဟုတ်ရင်လည်း "ပီတာခဘ" လို့ ခေါ်ချင်လည်းခေါ်ပေါ့"ဟု ထပ်၍ ပြောလေသည်။

"မလုပ်ပါနဲ့ဗျာ ကျွန်တော့်နာမည်ရင်းအတိုင်းပဲရှိပါစေ။ ဒီလိုပါ မခင်တင့်ရယ်၊ ရိုဇီခင်တင့်ထူးဆိုတဲ့ နာမည်ကို ခင်ဗျားပဲ နားထောင်ကြည့်စမ်းပါဦး၊ တစ်ချက်ကမှ အဆီအငေါ် မတည့်ပါဘူးဗျာ၊ အနည်းဆုံး အဖျားက "ထူး" နဲ့ဆုံးနေတာ နားထောင်လို့ မကောင်းပါဘူး၊ အဲဒီအဖျားတော့ ဖြုတ်စေချင်တာပဲ"

စာမျက်နှာ ၁၉ သို့ ❖

## အနုပညာ




# မာဒေါင်ဆွတ်ကို အံ့အားသင့်စေခဲ့တဲ့ အန်ဂျလီနာဂျိုလီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ မာဒေါင်ဆွတ်ဟာ မာဗယ်စတီရီယိုနဲ့လက်တွဲကာ ဟောလိဝုဒ်ရုပ်ရှင်လောကကို ခြေချခွင့်ရခဲ့သူတစ်ဦးဖြစ်ပါတယ်။ သူဟာ လတ်တလောမှာ ရုပ်ရှင်သစ်အတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာမှာ အန်ဂျလီနာဂျိုလီက ကြိုတင်အသိပေးထားခြင်းမရှိဘဲ ပါဝင်ခဲ့ကာ သူ့ကို အံ့အားသင့်စေခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အောက်တိုဘာ ၂၂ ရက်မှာ မာဒေါင်ဆွတ်က သူ့ရဲ့ရုပ်ရှင် Eternals အတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပါတယ်။ မာဒေါင်ဆွတ်ဟာ သူ့ရဲ့ရုပ်ရှင်အထူးပွဲအတွက် အမေရိကန်ကို ရောက်ရှိနေပြီး ရုပ်ရှင်သစ်အတွက် သတင်းစာရှင်းလင်းပွဲကို အွန်လိုင်းကနေတစ်ဆင့် ပြုလုပ်ခဲ့တာပါ။ အဆိုပါရုပ်ရှင်မှာ မာဒေါင်ဆွတ်ဟာ အင်အားအလွန်ကြီးတဲ့ လူစွမ်းကောင်းတစ်ဦးအဖြစ် ပါဝင်ထားတာပါ။

မာဒေါင်ဆွတ်က တောင်ကိုရီးယားပရိသတ်တွေအတွက် ရည်ရွယ်ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ အန်ဂျလီနာဂျိုလီက ရုတ်တရက်ပါဝင်တက်ရောက်ခဲ့ပြီး အံ့အားသင့်စေခဲ့ပါတယ်။ အန်ဂျလီနာဂျိုလီက သူဟာ မာဒေါင်ဆွတ်ရဲ့ ပရိသတ်တစ်ဦးဖြစ်ခဲ့ပြီး တိုက်ခိုက်တဲ့ ဇာတ်ဝင်ခန်းတွေမှာ မာဒေါင်ဆွတ်နဲ့ တွဲဖက်ရိုက်ကူးခဲ့ချိန်မှာမယုံကြည်နိုင်လောက်အောင် အတွေ့အကြုံတွေရရှိခဲ့တယ်လို့ အဆိုပါ သတင်းစာရှင်းလင်းပွဲမှာ ထည့်သွင်းပြောကြားခဲ့ကြောင်း သိရပါတယ်။

# အေဂျင်စီသစ်နဲ့စာချုပ်ချုပ်ဆိုလိုက်တဲ့ စီအယ်လ်

တောင်ကိုရီးယားတေးသံရှင်တစ်ဦးဖြစ်သူ စီအယ်လ်ဟာ လတ်တလောမှာ TaP တေးဂီတနဲ့စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ ဒါကြောင့် သူဟာ ကမ္ဘာကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဒူအာလစ်ပါ၊ လာနာဒယ်ရေး၊ အဲလီဂေါင်းဒင်းစတဲ့ တေးသံရှင်တွေနဲ့ အေဂျင်စီတစ်ခုတည်းအောက်မှာ လှုပ်ရှားရတော့မှာဖြစ်ပါတယ်။

စီအယ်လ်အနေနဲ့ နိုင်ငံတကာမှာ ပရိုမိုးရှင်းလုပ်ငန်းတွေ လုပ်ဆောင်ဖို့ရာ TaP တေးဂီတနဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက်က ထုတ်ပြန်ခဲ့ပါတယ်။ အေဂျင်စီသစ်နဲ့ လက်တွဲကာ အောင်မြင်မှုနယ်ပယ်တွေ ချဲ့ထွင်ဖို့ရာ ဆန္ဒရှိကြောင်း စီအယ်လ်က ပြောကြားခဲ့ပါတယ်။

စီအယ်လ်ဟာ ယခုသီတင်းပတ်အစောပိုင်းမှာ သူ့ရဲ့တစ်ကိုယ်တော်



တေးအယ်လ်ဘမ် Alpha ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှုနဲ့အတူ အဆိုပါ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ ခေါင်းစီးတေး Tie a Cherry ရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ပေးခဲ့ကြောင်း သိရပါတယ်။

# ကင်ဆိုးယွန်ရဲ့ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတွေဖြစ်ကြတဲ့ ကင်ဆိုးယွန်နဲ့ ချာဆန်းဝန်တို့ရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်ဟာ မကြာမီ ပရိသတ်ရှေ့ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ လတ်တလောမှာ အဆိုပါရုပ်ရှင်သစ် ထုတ်လွှင့်မယ့်ရက်နဲ့အတူ အစမ်းရုပ်ရှင်ကို ထုတ်လွှင့်ပေးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ



သိရပါတယ်။

One Ordinary Day လို့ အမည်ပေးထားတဲ့ အဆိုပါရုပ်ရှင်ကို လာမယ့် နိုဝင်ဘာ ၂၇ ရက် စနေနေ့မှာ စတင်ထုတ်လွှင့်မှာဖြစ်ကြောင်း အောက်တိုဘာ ၂၂ ရက်က ထုတ်ပြန်ခဲ့ပါတယ်။ ဒ့ါအပြင် အဆိုပါရုပ်ရှင်အတွက် အစမ်းဗီဒီယိုဖိုင်တစ်ခုကိုလည်း ထုတ်ဖော်ပြခဲ့ပြီး ယင်းဗီဒီယိုမှာတော့ ကင်ဆိုးယွန်နဲ့ ချာဆန်းဝန်တို့ရဲ့ ဇာတ်ဝင်ခန်းတွေ ပါဝင်နေတာတွေ့ရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ဟာ BBC ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့ Criminal Justice ကို ပြန်လည်ရိုက်ကူးပုံဖော်ထားတာပါ။ ယင်းဇာတ်လမ်းတွဲမှာ ကင်ဆိုးယွန်ဟာ သာမန်တက္ကသိုလ်ကျောင်းသားတစ်ဦးအဖြစ် ပါဝင်ထားပါတယ်။ သူဟာ လူသတ်မှုတစ်ခုရဲ့ တရားခံအဖြစ် စွပ်စွဲခံခဲ့ရပြီးနောက် သူ့ရဲ့ဘဝဟာ အပြောင်းလဲကြီး ပြောင်းလဲခဲ့ရပါတော့တယ်။ ချာဆန်းဝန်ပါဝင်ထားတဲ့ ဇာတ်ကောင်ကတော့ ရှေ့နေတစ်ဦးပါ။ သူဟာ ကင်ဆိုးယွန်ကို ကူညီခဲ့တဲ့ တစ်ဦးတည်းသောသူလည်း ဖြစ်ပါတယ်။

**အေးပြည့် - ရေးသားသည်**




# ယခုနှစ် Gotham Independent Film Awards ဆုပေးပွဲမှာ ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ Squid Game

မကြာသေးမီက ထုတ်လွှင့်ပေးခဲ့ပြီး နိုင်ငံတကာမှာပါ အောင်မြင်မှုရရှိခဲ့တဲ့ တောင်ကိုရီးယားဇာတ်လမ်းတွဲရုပ်ရှင် Squid Game ဟာ ယခုနှစ်ရဲ့ Gotham Independent Film Awards ဆုပေးပွဲမှာ ဆန်ခါတင်စာရင်းဝင်ခဲ့ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ ပါဝင်ခဲ့တဲ့ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သူ မင်းသား လီဂျန်ဂျယ်ဟာလည်း ယင်းဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အောက်တိုဘာ ၂၁ ရက်မှာ Gotham Independent Film Awards က ယခုနှစ်ရဲ့ ဆန်ခါတင်စာရင်းကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါစာရင်းမှာ Squid Game က ထူးချွန်ဆုနှစ်ဆုအတွက် ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့တာ တွေ့ရပါတယ်။

အဆိုပါဇာတ်လမ်းတွဲဟာ Breakthrough Series ဆုအတွက် လျာထားခံခဲ့ရတာဖြစ်ပြီး မင်းသား လီဂျန်ဂျယ်ကတော့ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ထူးချွန်တဲ့ ဖျော်ဖြေတင်ဆက်မှုဆုအတွက် ရွေးချယ်လျာထားခံခဲ့ရတာ ဖြစ်ပါတယ်။ နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲ Breakthrough Series ကို လာမယ့် နိုဝင်ဘာ ၂၉ ရက်မှာ နယူးယောက်မှာ ပြုလုပ်မှာဖြစ်ပြီး ယခုနှစ်ဆုပေးပွဲဟာ ၃၁ ကြိမ်မြောက်ကျင်းပတဲ့ ဆုပေးပွဲဖြစ်တယ်လို့ သိရပါတယ်။

❖ စာမျက်နှာ ၁၈ မှ

ခင်တင့်သည် အတန်ကြာစဉ်းစားနေ၏၊ "ဟုတ်တယ် မောင်ခ၊ ကျွန်မလည်းမကြိုက်လှဘူး၊ ဘိုဆန်ချင်တာနဲ့ ထည့်ထားတာ အမှန်ပဲ၊ ဩော် လောကဟာ တယ်ခက်ထာကလား၊ ကိုယ့်စိတ်က ကောင်းမယ်ထင်ရင် ကိုယ့်ကိုယ်ကိုယ်အနာခံပြီး တောင် ဟန်လုပ်ကြတယ်ရှင့်၊ ဥပမာ-တရုတ်မများ ခြေကျိုးခြေသိမ်ရှိမှ လှတယ်၊ မြင့်မြတ်တယ် ထင်တယ်၊ အင်္ဂလိပ်များလည်း ဖိနပ်ကျဉ်းကျဉ်းလေးကို နောက်မြင့်မြင့်စီးမှ လှတယ်ထင်တယ်၊ ကျွန်မကိုယ်တိုင် စီးတာကြာလှပြီ၊ အခုမှ ဖွင့်ပြောရဦးမယ်၊ ဖိနပ်ကျပ်လို့က တစ်မျိုး၊ နောက်က အဆမတန်မြင့်နေတော့ တစ်ကိုယ်လုံးရဲ့ အလေးဟာ ရှေ့ကခြေဖျားကလေးပေါ်မှာ သွားတည်နေတော့ အိုရှင် လမ်းတောင်ကောင်းကောင်း မလျှောက်နိုင်ဘူး၊ အဲဒီလို အဆမတန် အနစ်နာခံပြီးတော့ လှချင်တယ်။ ဘိုဆန်ချင်တယ်ဆိုတာဟာတော့ အင်း ... မတော်ဘူးဆိုရမယ်။ ကျွန်မတို့ ကြားရတာက အမေရိကန်ပြည်သူတွေတော့ အများအားဖြင့် ဖြက်ကျယ်ကျယ်နဲ့ ခုံနိမ့်ကို စီးတယ်ဆိုပဲ၊ အဲဒီလိုဆိုရင် တော်သေးရဲ့၊ အခု ဒီက အင်္ဂလိပ်မတွေ ဝတ်ပုံစားပုံတော့ မတော်ဘူးလို့ ကျွန်မထင်တယ်၊ အဲဒီတော့ နောက်ပိတ်ကို ကျွန်မစီးဦး။ ကျပ်ကျပ်နဲ့ ခုံမြင့်တော့ မစီးတော့ဘူးလို့အောက်မေ့တာပဲ" တစ်ဝက်တစ်စိတ် လျော့လာခြင်းသည်ပင် အကျိုးကြီးလှပြီဟု မောင်ခက "သာဓုဗျာ"ဟု ခေါ်လိုက်၏။

"နို့ "ထူး"ကိုရော ဖြုတ်မယ်မဟုတ်လား"

"ဟုတ်တယ် .. "ထူး"ကိုလည်း ဖြုတ်မယ်၊ "ရိုစီတော့ တစ်ကျောင်းလုံးကလည်း ခေါ်နေတယ်၊ အရပ်ထဲကလည်း ခေါ်နေတယ်။ တော်တော်နဲ့ ဖြုတ်လို့ဖြစ်မယ်မဟုတ်ဘူး"

"ဟုတ်ကဲ့၊ ချက်ချင်းမဖြုတ်တောင် တဖြည်းဖြည်းဖြုတ်ရင် ရပါတယ်၊ မခင်တင့်ဆိုတဲ့နာမည်ဟာ အင်မတန် ယဉ်ပါတယ်ဗျာ၊ ကျွန်တော်လည်း ခင်ဗျားခွင့်ပြုပြု မပြုပြု မခင်တင့်ပဲခေါ်မယ်။ "ရိုစီ"တွေ၊ "ထူး"တွေကို မထည့်နိုင်ဘူး"

"သဘောရှိပါရှင်"ဟု ခင်တင့်ကပြုံး၍ ပြန်ပြောလိုက်၏။ တအောင့်လောက်နေပြီးမှ "ရှင့်ကိုလည်း ကိုခလို့ခေါ်ပြီး ဗမာလို ပီပီပဲပြောတော့မယ်နော်၊ ဟုတ်ကလား"

"သာဓုဗျာ .. သာဓုဗျာ"ဟု နှစ်ချက်ဆင့်လိုက်လေ၏။

ထိုည မောင်ခသည် စဉ်းစားခန်းပေါ်လေသည်၊ "မခင်တင့် ဘိုဆန်တာ မှန်တယ်၊ သို့သော် ငါ့ကို အရွဲ့တိုက်တဲ့အနေနဲ့ သက်သက်ပိုပြီး ပြုမူပြောဆိုတာတွေလည်း အတော်များများပါတယ်၊ ဒါကြောင့် အလွန်ဆိုးရွားတယ်လို့မဆိုနိုင်ဘူး၊ ပြီးတော့ ယနေ့မနက် စကားပြောကြရာမှာလည်း အကျိုးအကြောင်းနဲ့ပြောတော့ ခေါင်းမမာဘဲ အသင့်အတန်ပြုပြင်တယ်၊ ဒီလိုအကျိုးအကြောင်းကို ပြောဆိုဆင်ခြင်နိုင်တာလည်း သူပညာရှိလို့ပဲ၊ အခု အင်္ဂလိပ်လို ၁၃ တန်းရောက်တယ်ဆိုတာ အတော်မြင့်တာပဲ၊ ငါတို့မြန်မာစာမှာသာမဟုတ် အခြားအင်္ဂလိပ် စတဲ့ဘာသာကျမ်းစာတို့များလည်း မှတ်စရာသားစရာအကျိုးအကြောင်း ဆင်ခြင်နိုင်စရာတွေပါတာ မုချပဲ၊ အင်း-တို့မြန်မာ စာတစ်ခုတည်း အထင်ကြီးနေလို့လည်း ဖြစ်ပုံမပေါ်ဘူး၊ ဩော် မခင်တင့် မခင်တင့်၊ ရောက်စက ငါက မုန်းမုန်းနဲ့ညှဉ်းခဲ့တာတွေ၊ သူ့ကိုခပြောခဲ့တာတွေ၊ စကားမပြော ရှောင်ကွင်းနေခဲ့တာတွေ ငါမှားတာပဲ၊ ငါက ယောကျ်ားပါကလား၊ အိမ်ရှင်လည်းဖြစ်တယ်၊ အိမ်ရှင်ယောကျ်ားက ဧည့်သည် မိန်းမကို ဒီလိုပြုမူခဲ့တာဟာ ငါ အတော်လွန်တာပဲ၊ ဒီနေ့ကစပြီး သိပ်အရောမဝင်သော်လည်း အိမ်ရှင် ဝတ်တော့ကျေအောင်လုပ်မှ တော်မှာပဲ"ဟု မောင်ခ၌ အားနာစိတ်၊ သနားစိတ်၊ ကရုဏာစိတ်တွေ ဖြစ်ကုန်လေ၏။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁–၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

ယခင်အပတ်က Unit 4 Lesson: 3 **Talking about habits and routines** သင်ခန်းစာပါ so do I နှင့် neither do I အသုံးပြုပုံကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ adverbs of frequency (ကြိမ်နှုန်းပြ ကြိယာဝိသေသန) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Adverbs of frequency (ကြိမ်နှုန်းပြ ကြိယာဝိသေသန)

ကြိမ်နှုန်းပြ ကြိယာဝိသေသနဆိုတာ လုပ်ရပ်တစ်ခုကို ဘယ်နှကြိမ်၊ ဘယ်နှခါ လုပ်ဆောင်သလဲဆိုတာကို ဖော်ပြပါတယ်။

ဥပမာ။ ။ He <u>always</u> gets up early morning.
(သူ နံနက်တိုင်း အမြဲတမ်း အိပ်ရာ စောစောထသည်။)
They <u>sometimes</u> go to the library.
(သူတို့ တစ်ခါတစ်ရံ စာကြည့်တိုက်သွားတယ်။)
She goes shopping <u>twice a month</u>.
(သူ တစ်လတစ်ခါ ဈေးဝယ်ထွက်တယ်။)

အထက်ပါ ဥပမာတွေကို လေ့လာကြည့်မယ်ဆိုရင် ကြိမ်နှုန်းပြ ကြိယာဝိသေသနတွေကို ရေးသားရာမှာ generally (ယေဘုယျအားဖြင့်) ဖော်ပြတာနဲ့ exactly (အတိအကျ) ဖော်ပြတာဆိုပြီး နှစ်မျိုးတွေ့မြင်နိုင်ပါတယ်။

**Generally (ယေဘုယျအားဖြင့် ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများ)**

| | | |
|---|---|---|
| always | (အမြဲတမ်း) | 100% |
| usually | (များသောအားဖြင့်) | 90% |
| normally | (သာမာန်အားဖြင့်) | 80% |
| often | (မကြာခဏ) | 70% |
| sometimes | (တစ်ခါတစ်ရံ) | 30% |
| rarely | (ရံဖန်ရံခါ) | 10% |
| hardly ever | (ကြုံတောင့်ကြုံခဲ၊ ရှားရှားပါးပါး) | 5% |
| never | (ဘယ်တော့မှ) | 0% |

မှတ်သားရန်။ ။ ယေဘုယျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများကို ဝါကျတွင် ထည့်သွင်းရေးသားရာတွင် Helping Verb, Verb to be တို့၏ အနောက်၊ Main Verb ရဲ့အရှေ့တွင် ထားရသည်။

ဥပမာ။ ။ She <u>is</u> <u>always</u> late. (Verb to be ရဲ့အနောက်)
I've <u>often</u> been to the US. (Helping Verb ရဲ့အနောက်)
You **<u>must</u>** <u>never</u> play after a big meal. (Helping Verb ရဲ့အနောက်)
I <u>usually</u> **<u>walk</u>** to school. (Main Verb ရဲ့အရှေ့)
She <u>hardly ever</u> **<u>drinks</u>** tea. (Main Verb ရဲ့အရှေ့)

**Exactly (အကြိမ်အရေအတွက်ကို အတိအကျဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများ)**

| | |
|---|---|
| every... | (every day/ week/ month/ year/ Friday/ weekend) |
| once a ... | (day/ week/ month/ year) |
| three times a ... | (day/ week/ month/ year) |
| four times a .... | (day/ week/ month/ year) |

မှတ်သားရန်။ ။ အကြိမ်အရေအတွက်ကို အတိအကျအားဖြင့် ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများကို ဝါကျ၏ နောက်ဆုံးတွင် ထားရသည်။

ဥပမာ။ ။ He runs round the park <u>every day</u>. (စာကြောင်းရဲ့နောက်ဆုံး)
I play tennis <u>once a week</u>. (စာကြောင်းရဲ့နောက်ဆုံး)
She drinks milk <u>once a day</u>. (စာကြောင်းရဲ့နောက်ဆုံး)
I play football <u>every evening</u>. (စာကြောင်းရဲ့နောက်ဆုံး)
Mother cooks something special for us <u>every weekend.</u> (စာကြောင်းရဲ့နောက်ဆုံး)

**(1) Put the words in brackets ( ) in the right place in these sentences.**

1. Father works late at the office. (sometimes)
___________________________________________.
2. Ko Ko plays golf. (twice a month)
___________________________________________.
3. I eat Monhinga for breakfast. (every day)
___________________________________________.
4. We watch the TV. (usually)
___________________________________________.
5. My father gives me pocket money. (once every two days)
___________________________________________.

*(ဆက်လက်ဖော်ပြပါမည်)*

## Grade 7 (စနစ်သစ်)

**ယခင်အပတ်က Unit 3 Lesson: 2 Accessories you usually go for (ပုံမှန်ဝယ်ယူသည့် အသုံးအဆောင်များ) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာလည်း ဒီသင်ခန်းစာမှာပါတဲ့ ကြော်ငြာတွေကိုဖတ်ပြီး ပြုလုပ်ရတဲ့လေ့ကျင့်ခန်းများကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။ (ယခင်အပတ်မှအဆက်)**

### Unit 3 Lesson: 2 Accessories you usually go for (ပုံမှန်ဝယ်ယူသည့် အသုံးအဆောင်များ)

**READING (စာဖတ်ခြင်း)**

**Rose နှင်းဆီ**
**Accessories Shop**
**အသုံးအဆောင်ပစ္စည်းဆိုင်**

4. Nice leather wallets come in two colours: brown and black. You can keep photos and cards. They are <u>durable</u>. They are made in Japan, Each costs 15000 kyats.

ဒီအရမ်းကောင်းမွန်တဲ့ သားရေပိုက်ဆံအိတ်လေးတွေက အညိုနဲ့ အနက် အရောင်နှစ်မျိုးလာပါတယ်။ ဓာတ်ပုံတွေ၊ ကတ်ပြားတွေ သိမ်းနိုင်ပါတယ်။ သူတို့က ကြာရှည်ခံတယ်။ ဂျပန်နိုင်ငံထုတ်ပစ္စည်းလေးဖြစ်တယ်။ တစ်ခုကို တစ်သောင်းခွဲကျပ်ပါ။

5. Italian silk scarves come in four different colours: yellow, white, black and pink. They are suitable for every season. They <u>go with</u> almost all clothes. They cost 9000 kyats each.

အီတလီနိုင်ငံထုတ်ပိုးပဝါလေးတွေက အဝါ၊ အဖြူ၊ အနက်နဲ့ ပန်းရောင်စတဲ့ အရောင်အမျိုးမျိုးလာပါတယ်။ ဒါလေးက ရာသီတိုင်းအတွက် သင့်တော်ပါတယ်။ သူတို့တွေက အဝတ်အစားအားလုံးနဲ့ လိုက်ဖက်တယ်။ တစ်ခုကို ကိုးထောင်ကျပ် ဖြစ်ပါတယ်။

6. These beautiful pearl bracelets are made in Myeik. They are <u>available</u> in two colours: white and black. They can make you look beautiful. Each costs 8000 kyats.

ဒီလှပတဲ့ပုလဲလက်ကောက်လေးတွေက မြိတ်ထုတ်ကုန်တွေ ဖြစ်ပါတယ်။ သူတို့ကို အဖြူနဲ့ အနက် အရောင်နှစ်မျိုး ရရှိနိုင်ပါတယ်။ ဒီလက်ကောက်လေးတွေက သင့်ကို လှပကြည့်ကောင်းစေမှာပါ။ တစ်ခုကို ရှစ်ထောင်ကျပ် ဖြစ်ပါတယ်။

**Open daily – 9 am to 5 pm, No. 266, Dagon Centre II, San Chaung Township, Yangon.**

**နေ့စဉ် ဆိုင်ဖွင့်ချိန် နံနက် ၉ မှ ညနေ ၅ နာရီ**
**အမှတ်(၂၈၆)၊ ဒဂုံစင်တာ ၂၊**
**စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။**

**4. Read the advertisements again and match the descriptions (1–6) with the pictures (A–F).**

ကြော်ငြာများကို ထပ်မံဖတ်၍ (၁ မှ ၆) နှင့် ရုပ်ပုံများကို ယှဉ်တွဲပါ။

A.  ______

B.  ______

C.  ______

D.  ______

E.  ______

F.  ______

**5. Read the advertisements again and complete the table.**

ကြော်ငြာများကို ထပ်မံဖတ်၍ ဇယားကို ဖြည့်စွက်ပါ။

| | | Colour အရောင် | Material ပစ္စည်း အမျိုးအစား | Price ဈေးနှုန်း | Made in (Country) ပြုလုပ်တဲ့နိုင်ငံ |
|---|---|---|---|---|---|
| Stars | --- | red, green, yellow | cotton | --- | Myanmar |
| | scarf | white, red, grey | --- | 6000 Kyats | --- |
| | --- | different colour | seashells | --- | Myanmar |
| Rose | wallet | brown and black | --- | 1500 Kyats | --- |
| | --- | yellow, white, black, pink | silk | 9000 Kyats | --- |
| | bracelet | --- | pearl | --- | Myanmar |

**6. Find the underlined words in the advertisements that have the same meaning as the words(s) given below.**

အောက်တွင် ပေးထားသောအရာများနှင့် အဓိပ္ပာယ်တူသော ကြော်ငြာထဲမှ မျဉ်းသားထားသော စကားလုံးများကို ရှာပါ။

1. Things that are made to be sold ______
ရောင်းရန်ပြုလုပ်ထားသောအရာများ
2. be in good condition for a long time ______
အချိန်အတော်ကြာအသုံးခံသည်။
3. (of things) you can get, buy or find ______
သင်ရရှိနိုင်သော (ဝယ်နိုင်/ရှာနိုင်)
4. match ______
လိုက်ဖက်
5. not costing much ______
ဈေးအရမ်းမကြီးပါ
6. very fashionable and modern ______
အလွန်ခေတ်ဆန်၊ ပို၍ခေတ်ဆန်သော

***Ans: 1. products; 2. durable; 3. available; 4. go with; 5. inexpensive; 6. trendy;***

**7. From the table you completed in Exercise 5, choose one item that you want to buy.**

**လေ့ကျင့်ခန်း–၅ တွင် သင်ဖြည့်စွက်ခဲ့သောဇယားမှ သင်ဝယ်ချင်တဲ့ အရာတစ်ခုကို ရွေးချယ်ပါ။**

In pairs, talk about that item, the name of the shop and the reason why you choose it.

ပစ္စည်း၊ ဆိုင်နာမည်နဲ့ ဘာကြောင့် ရွေးချယ်တယ်ဆိုတဲ့အကြောင်း အတွဲလိုက် (နှစ်ယောက်တွဲ) ပြောပါ။

e.g. Ko Ko: I would like to buy a brown wallet.
(ပိုက်ဆံအိတ်အညိုရောင်တစ်လုံးလောက် လိုချင်လိုက်တာ။)
Min Min: Where can you get it?
(ဘယ်နေရာမှာ ဝယ်လို့ရသလဲ။)
Ko Ko: I can buy it at Rose Accessories Shop.
(နှင်းဆီ အသုံးအဆောင်အရောင်းဆိုင်မှာ ဝယ်နိုင်တယ်။)
Min Min: Where is the shop?
(အဲဒီဆိုင်က ဘယ်နေရာမှာလဲ။)
Ko Ko: It is at Dagon Centre II, San Chaung Township, Yangon.
(ဒဂုံစင်တာ (၂) စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့မှာ ရှိတယ်။)
Min Min: Why do you want it? (ဘာလို့ ပိုက်ဆံအိတ်လိုချင်တာလဲ။)
Ko Ko: It is very useful for me. I can keep photos and cards besides money. (ပိုက်ဆံအိတ်က ငွေအတွက် အသုံးဝင်တယ်။ ပိုက်ဆံထည့်လို့ရတဲ့အပြင်ဓာတ်ပုံတွေနဲ့ ကတ်တွေကိုလည်း ထည့်သိမ်းထားလို့ရတယ်လေ။)
Min Min: How much does it cost?
(ပိုက်ဆံအိတ်တစ်အိတ်ကိုဘယ်လောက်ပေးရသလဲ။)
Ko Ko: I think it costs 15000 Kyats.
(တစ်အိတ်ကို ကျပ် ၁၅၀၀၀ လို့ ငါထင်တယ်။)
Min Min: Where is it from? (ဘယ်နိုင်ငံမှာ လုပ်တာလဲ။)
Ko Ko: It is made in Japan. (ဂျပန်နိုင်ငံမှာလုပ်တာပါ။)
Min Min: Oh! It is cool. (အိုး... သိပ်မိုက်တာပဲ။)

* * * * * * * * * *

(လာမည့်အပတ်တွင် **Lesson 3: The most expensive jeans** အကြောင်း ဖော်ပြပါမည်)

## Grade 8 (စနစ်ဟောင်း)

**အရင်အပတ်က Active Voice မှ Passive Voice ပြောင်းနည်းထဲက Present Perfect Tense ရဲ့ Positive Sentence ပြောင်းရေးနည်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Negative, Positive Question, Negative Question, Wh Questions ပြောင်းနည်းတို့ကို ဖော်ပြသွားမှာဖြစ်ပြီး Past Simple Tense ပြောင်းရေးနည်းကိုလည်း ဖော်ပြသွားမှာ ဖြစ်ပါတယ်။**

(ယခင်အပတ်မှ အဆက်)

### Active Voice မှ Passive Voice ပြောင်းရေးနည်း

**Present Perfect Tense (has, have + V3 – has, have + been + V3)**

**Positive Sentence**
- Ko Ko **has played** tennis. (A.V)
- Tennis **has been played** by Ko Ko. (P.V)

**(ရှင်းချက်ကို အရင်အပတ်တွင် ဖော်ပြပြီးဖြစ်ပါတယ်။)**

**Negative Sentence**
- Ko Ko **has not played** tennis. (A.V)
- Tennis ____________________. (P.V)

ဒီဝါကျမှာ Ko Ko က Subject ပြုလုပ်သူ၊ tennis က Object ခံရသူဖြစ်ပြီး has not played က Verb ကြိယာဖြစ်ပါတယ်။ Positive Sentence ပြောင်းတဲ့အတိုင်းပါပဲ not ပိုလာတာပဲရှိပါတယ်။ has + V3 ရဲ့ Passive Voice က has/ have been + V3 ဖြစ်ပါတယ်။ not ကို ပြန်ထည့်ပေးရပါမယ်။ ဒါကြောင့် အဖြေက **Tennis has not been played by Ko Ko.** ဆိုပြီးရပါတယ်။

**Positive Question**
- **Has** Ko Ko **played** tennis? (A.V)
- **Has** __________________? (P.V)

ဒီဝါကျမှာ အကူကြိယာ has ကိုရှေ့ပို့ရေးထားပါတယ်။ Positive Question (ရိုးရိုးအမေးဝါကျ) ဖြစ်ပါတယ်။ Passive Voice ပြောင်းရေးတဲ့အခါမှာလည်း အကူကြိယာကို ရှေ့ထုတ်ရေးရပါမယ်။ အရင်ဆုံး ပေးထားတဲ့မေးခွန်းဝါကျကို ရိုးရိုးဝါကျပုံစံစဉ်းစားကြည့်ပါ။ အကူကြိယာ has ကို ဝါကျအထဲသို့ ပြန်ပို့လိုက်ပါ။ ဒါဆို Ko Ko has played tennis. ပုံစံ ဖြစ်သွားပါတယ်။ ဒီတော့မှ Passive Voice ပုံစံပြောင်းကြည့်ပါ။ Tennis has been played by Ko Ko. ဖြစ်သွားပါတယ်။ ဒီဝါကျက လိုချင်တဲ့အဖြေဝါကျ မဟုတ်သေးပါဘူး။ လိုချင်တာက အမေးဝါကျဖြစ်ပါတယ်။ ဒါကြောင့် အကူကြိယာ has ကို ဝါကျအရှေ့ထုတ်ပေးရပါမယ်။ ဒီတော့ အဖြေက Has tennis been played by Ko Ko? ဆိုပြီး ရသွားပါတယ်။

**Negative Question**
- **Hasn't** Ko Ko **played** tennis? (A.V)
- **Hasn't** __________________? (P.V)

ဒီဝါကျကလည်း အပေါ်ကဝါကျအတိုင်းပဲ မေးခွန်းဝါကျ ဖြစ်ပါတယ်။ not ပိုသွားတာပဲရှိပါတယ်။ ဒါကြောင့် အဖြေက Hasn't tennis been played by Ko Ko? ဆိုပြီးရသွားပါတယ်။

**Wh…Question**
- Who has played tennis? (A.V)
- By whom _______________? (P.V)

ဒီဝါကျက Who နဲ့ ပေးထားပါတယ်။ Who နဲ့မေးရင် By whom နဲ့ ဖြေရမယ်ဆိုပြီး အလွယ်မှတ်ထားပါ။ ကြိယာတွဲကိုကြည့်တော့ has played ဖြစ်ပါတယ်။ Passive Voice ပြောင်းရေးတဲ့အခါ Tennis has been played ပုံစံရသွားပါတယ်။ ဒီတော့မှ မေးခွန်းပုံစံဖြစ်အောင် အကူကြိယာ has ကို ဝါကျရှေ့ထုတ်ပေးလိုက်ပါ။ By whom has tennis been played? ဆိုပြီး ရသွားပါတယ်။

**Wh…question**
- What has Ko Ko played? (A.V)
- What __________________? (P.V)

ဒီဝါကျက What နဲ့ပေးထားပါတယ်။ ပေးထားတဲ့အမေးဝါကျကို ရိုးရိုး ဝါကျပုံစံပြောင်းရေးကြည့်ပါ။ Ko Ko has played what. ဆိုပြီးဖြစ်သွားပါတယ်။ ဒီတော့မှ what ကို အရှေ့ပို့ပေးလိုက်ပါ။ ကြိယာတွဲကို Passive Voice ပုံစံပြောင်းရေးလိုက်ပါ။ ဒါဆို အဖြေက What has been played by Ko Ko? ဆိုပြီးရသွားပါတယ်။

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

1. Min Min has bought a car.
   A car __________________.
2. Min Min has not bought a car.
   A car __________________.
3. Has Min Min bought a car?
   Has ____________________?
4. Hasn't Min Min bought a car?
   Hasn't __________________?
5. Who has bought a car?
   By whom _______________?
6. What has Min Min bought?
   What __________________?
7. Zaw Zaw has written two letters.
   Two letters _______________.
8. Zaw Zaw has not written two letters.
   Two letters _______________.
9. Has Zaw Zaw written two letters?
   Has ____________________?
10. Hasn't Zaw Zaw written two letters?
    Hasn't __________________?
11. Who has written two letters?
    By whom ________________?
12. What has Zaw Zaw written?
    What ___________________?

**Past Simple Tense (V2 – was, were + V3)**

**Positive Sentence**
- Ko Ko **played** tennis. (A.V)
- Tennis _____________. (P.V)

ဒီဝါကျမှာ Ko Ko က Subject ပြုလုပ်သူ၊ tennis က Object ခံရသူဖြစ်ပြီး played က Verb ကြိယာ ဖြစ်ပါတယ်။ Verb က played V2 ဆိုတော့ သူ့ရဲ့ Passive Voice ပုံစံက was, were + V3 ဖြစ်ပါတယ်။ ခံရသူ Object ဖြစ်တဲ့ tennis ကို ဝါကျရှေ့ပို့ပေးပါ။ tennis က အနည်းကိန်းဖြစ်တဲ့အတွက် was, were ထဲက was ကို ရွေးချယ်ရပါမယ်။ ဒီတော့ Tennis was played by Ko Ko. ဆိုပြီး ဖြစ်သွားပါတယ်။

**Negative Sentence**
- Ko Ko **did not play** tennis. (A.V)
- Tennis ________________. (P.V)

ဒီဝါကျမှာ Ko Ko က Subject ပြုလုပ်သူ၊ tennis က Object ခံရသူဖြစ်ပြီး did not play က Verb (ကြိယာ)ဖြစ်ပါတယ်။ အငြင်းဝါကျဖြစ်တဲ့အတွက် did not play ဆိုပြီးရေးထားတာပါ။ Passive Voice ပြောင်းတဲ့အခါမှာလည်း အငြင်းဝါကျပြန်ရေးပေးရပါမယ်။ Passive ပုံစံမှာ was played ဖြစ်တဲ့အတွက် အကူကြိယာ did ကို ပြန်ခေါ်စရာမလိုပါဘူး။ အကူကြိယာ was ရဲ့အနောက်မှာ not ထည့်ပေးလိုက်ရုံပါပဲ။ ဒီတော့ အဖြေက Tennis was not played by Ko Ko. ဆိုပြီး ရသွားပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

## Grade 9 (စနစ်ဟောင်း)

**အရင်အပတ်က Verb Forms ဖြေဆိုနည်းတွေကို ဖော်ပြခဲ့ပါတယ်။ Tenses ကာလ(၁၂)မျိုးကိုလည်း ရှင်းပြချက်များနှင့်တကွ လေ့ကျင့်ခန်းများ ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Verb Forms မေးခွန်းတွေကို ကာလမျိုးစုံ ပေါင်းစပ်ပြီး လေ့ကျင့်ခန်းတွေ ဖော်ပြလိုက်ပါတယ်။**

### Verb Forms exercise

**(A) Fill in the blanks with an appropriate verb form.**

**(know)**
1. I ___ him .
2. I ___ him for many years.
3. I ___ him since my childhood.

*Ans: 1. know; 2. have known; 3. have known;*

**(be)**
1. She ___ a lawer.
2. She ___ a private school teacher three years ago.
3. She ___ a government staff since last year.
4. She ___ a director of the department next month.

*Ans: 1. is; 2. was; 3. has been; 4. will be;*

**(buy)**
1. Uncle ___ top-up cards every day.
2. He ___ a mobile phone yesterday.
3. He ___ a car since the year 2000.
4. He ___ a house soon.

*Ans: 1. buys; 2. bought; 3. has bought; 4. will buy;*

**(do)**
1. I ___ my homework every day.
2. Do you ___ your homework every day?
3. She ___ her work for two hours.
4. Mother ___ housework since morning.
5. Scientists ___ a research on vaccines for Covid-19 disease.

*Ans: 1. do; 2. do; 3. has done; 4. has been doing; 5. are doing;*

**(make)**
1. Mother ____ breakfast for us every morning.
2. Ko Gyi ___ coffee now.
3. Khin Khin ___ her clothes since last week.
4. She ___ a sweater for me tomorrow.

*Ans: 1. makes; 2. is making; 3. has been making; 4. will make;*

**(B) Insert appropriate verb forms in the blanks.**

1. It was Moe Min who ___ the police.
   (A) alert (B) alerts (C) alerted 1. ___
2. We ___ for ages.
   (A) are waiting (B) have been waiting 2. ___
3. I ___ her for a long time.
   (A) knew (B) know (C) have known 3. ___
4. The box ___ so heavy that I could not carry it.
   (A) was (B) is (C) has been 4. ___
5. One of my friends ___ to Nay Pyi Taw recently.
   (A) has gone (B) went (C) goes 5. ___
6. I will call you when the guests ___ .
   (A) arrive (B) will arrive (C) would arrive 6. ___
7. Age and experience ___ wisdom to man.
   (A) bring (B) brings (C) brought 7. ___
8. The prize was ___ away by our team.
   (A) bear (B) born (C) borne 8. ___
9. They were ___ questioned.
   (A) being (B) been (C) be 9. ___
10. He ___ a novel since last January, and now he is about to finish it.
    (A) was writing (B) is writing (C) has been writing 10. ___

*Ans: 1. C; 2. B; 3. C; 4. A; 5. B; 6. A; 7. B; 8. B; 9. A; 10. C;*

**(C) Complete the following sentences using an appropriate tense form.**

1. I ___ here since morning.
   (A) am waiting (B) had been waiting (C) have been waiting
2. It ___ raining since yesterday.
   (A) hadn't (B) didn't stop (C) hasn't stopped
3. I ___ interested in science.
   (A) am always (B) have always been (C) had always been
4. They ___ in this street for twenty years.
   (A) have lived (B) have been living (C) had lived
5. I ___ to PyinOoLwin.
   (A) am never gone (B) have never been (C) was never gone
6. Where ___ the sun rise?
   (A) Do (B) had (C) does
7. I ___ Ko Moe on Monday.
   (A) see (B) am seeing (C) have seen
8. We ___ the money on the 21st December.
   (A) are needing (B) will need (C) have needed
9. "There is the doorbell". "I ___ ."
   (A) am going (B) will go (C) have gone
10. He ___ half of his time playing games.
    (A) spend (B) spends (C) spent

*Ans: 1. B; 2. C; 3. A; 4. A or B; 5. B; 6. C; 7. B; 8. B; 9. B; 10. B;*

**(D) Fill in the blanks with the correct forms of the verb.**

1. (be) What ___ your name?
2. (live) Where do you ____?
3. (be) How old ___ you?
4. (be) He ___ eating an ice-cream.
5. (be) I ___ from Mandalay.
6. (do) Where ___ she go last night?
7. (get) My brother ___ up at six o'clock.
8. (not swim) They ___ in the river.
9. (like) ___ you ___ pizza?
10. (have) He ___ a moustache.

*Ans: 1. is; 2. live; 3. are; 4. is; 5. am; 6. did; 7. gets; 8. do not swim; 9. do you like; 10. has;*

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး




**ပုလော**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်)ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ထမင်းမစားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ပုလောမြို့နယ်တွင် အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၃၄၈၂ ဦးတို့အား စုရပ် ၂၃ နေရာ၌ အုပ်စုငါးခုခွဲ၍ သတ်မှတ်ရက်အလိုက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**အေးအေးမော် (ပုလော)**

**ပုဗ္ဗသီရိ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်ရှိ အမှတ်(၂၀) အခြေခံပညာထက်တန်းကျောင်း၌ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ကို ယနေ့နံနက် ၉ နာရီတွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ပုဗ္ဗသီရိမြို့နယ်အနေဖြင့် ကာကွယ်ဆေးထိုးနှံမည့် အခြေခံပညာကျောင်း ၅၉ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ကိုးကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းငါးကျောင်း စုစုပေါင်း ၇၃ ကျောင်းမှ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၁၂ ရက်တွင် စတင်ထိုးနှံပေးလျက်ရှိရာ ယနေ့ထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၇၉၂ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

**သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကျောင်းအပ်နှံပြီး ကျောင်းတက်ရောက်လျက်ရှိသော အသက် ၁၂ နှစ်နှင့်အထက် အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီမှစတင်ကာ ကျန်းမာရေးဝန်ထမ်းများက စုရပ် ၂၁ ခု၌ ဆေးထိုးအဖွဲ့ခုနစ်ဖွဲ့တို့က သုံးရက်ခွဲကာ ထိုးနှံပေးကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများ၌ ပညာသင်ကြားလျက်ရှိသော အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၃၇၂၂ ဦးရှိပြီး အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက် ထိ ၂၅၆၁ ဦးထိုးနှံပေးပြီးဖြစ်ကာ ၁၁၆၁ ဦးကျန်ရှိနေသေးကြောင်း၊ ကျန်ရှိသူများအား ရက်သတ်မှတ်ကာ ပြန်လည်ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်ဇော်ထက်က ပြောကြားသည်။

**ကိုကျော်(သုံးခွ)**

**ကျောက်ဖြူ**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၁၇၉၇ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်) ထိုးနှံပေးခဲ့ပြီးဖြစ်ကာ ယနေ့ နံနက် ၉ နာရီက စတုတ္ထနေ့အဖြစ် ဆေးထိုးရန် ကျန်ရှိနေသေးသည့် ကျောင်းသား ကျောင်းသူ ၈၁၄ ဦးအား ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကျောက်ဖြူမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား (ပထမအကြိမ်) အဖြစ် အောက်တိုဘာ ၁၇ ရက်တွင် ၅၇၅၆ ဦး၊ အောက်တိုဘာ ၁၈ ရက်တွင် ၅၀၉၇ ဦး၊ အောက်တိုဘာ ၁၉ ရက်တွင် ၉၄၄ ဦး စုစုပေါင်း ၁၁၇၉၇ ဦးတို့အား ထိုးနှံပေးခဲ့ပြီး ယနေ့ အောက်တိုဘာ ၂၂ ရက် (စတုတ္ထ)နေ့တွင် အထက(၁)စုရပ်၌ ၈၁၄ ဦးအား ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**တနိုင်း**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

တနိုင်းမြို့နယ်တွင် ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးကို စုရပ်ခုနစ်ခုခွဲကာထိုးနှံပေးပြီး အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၀၆၄ ဦးရှိရာ ကျန်ရှိသော ကျောင်းသား ကျောင်းသူများအား သတ်မှတ်စုရပ်များ၌ နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိလည်းကောင်း ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ကြောင်း သိရသည်။

**ဝါဝါ(ပြန်/ဆက်)**




**○ ၂၀၂၂ အာရှဖလားမှ**

အုပ်စု (G) တွင် ဩစတြေးလျ၊ အင်ဒိုနီးရှား၊ အုပ်စု(H)တွင်တောင်ကိုရီးယား၊ စင်ကာပူ၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု (I)တွင် ဗီယက်နမ်၊ မြန်မာ၊ တရုတ် (တိုင်ပေ)၊ အုပ်စု (J) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ မွန်ဂိုလီးယား၊ အုပ်စု (K) တွင် ဟောင်ကောင်၊ ဂျပန်နှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ ခြေစစ်ပွဲအုပ်စုများကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) ကို ကာတာ၊ အုပ်စု (B) နှင့် (G)ကို တာဂျစ်ကစ္စတန်၊ အုပ်စု (C) ကို ဘာရိန်း၊ အုပ်စု (D) ကို ဥဇဘက်ကစ္စတန်၊ အုပ်စု (E) ကို ယူအေအီး၊ အုပ်စု (F) ကို ဂျော်ဒန်၊ အုပ်စု (H) ကို စင်ကာပူ၊ အုပ်စု (I) ကို ကာဂျစ္စတန်၊ အုပ်စု (J)ကို မွန်ဂိုလီးယား၊ အုပ်စု (K) ကို ဂျပန်နိုင်ငံတို့၌ ကျင်းပမည်ဖြစ်သည်။ အုပ်စု (G) နှင့် (I) တွင်ပါဝင်သည့် အသင်းများမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ကြားနိုင်ငံတွင် ကျင်းပရခြင်းဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု (I) ပွဲစဉ်များကိုလည်း ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အုပ်စု (I) ပွဲစဉ်များမှာ အောက်တိုဘာ ၂၇ ရက်တွင် ဗီယက်နမ်နှင့် တရုတ် (တိုင်ပေ)၊ အောက်တိုဘာ ၃၀ ရက်တွင် မြန်မာနှင့် တရုတ် (တိုင်ပေ)၊ နိုဝင်ဘာ ၂ ရက်တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ကိုညီလေး**




## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန

**ကျောင်းသား၊ သူများ ကြိုတင်ဆောင်ရွက်ရမည့်**
**သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိစေရေးအတွက် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းသို့ မပျက်မကွက်လာရောက်ရန်၊

၂။ ကျောင်းသို့ရောက်ရှိချိန်တွင် ကျောင်းအုပ်ကြီးကချမှတ်ထားသည့် စည်းကမ်းများအား တိတိကျကျလိုက်နာဆောင်ရွက်ရန်၊

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဆရာများနှင့် ကျောင်းသားများ အတူတကွ ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်၊

၄။ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများ အသုံးပြု၍ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ရန်၊


၅။ စာသင်ခန်းတွင်း တတ်မြောက်မှုစစ်ဆေးခြင်းနှင့် အခန်းဆုံးစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မပျက်မကွက် ပါဝင်ဆောင်ရွက်ရန်၊

၆။ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများတွင် ဆရာများ၏ ဦးဆောင်မှုဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်၊

၇။ ကျောင်းတွင်းအားကစားလှုပ်ရှားမှုများ၊ စာပေဟောပြောပွဲများ၊ နေ့ထူးနေ့မြတ်ဆိုင်ရာ အခမ်းအနားများနှင့် ကျောင်းတွင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသင်းအဖွဲ့များတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ရန်၊

၈။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီးနှင့် ဆရာများသို့ တင်ပြ၍ အကူအညီတောင်းခံရန်၊

# ကမ္ဘာပေါ်ရှိ ထိုင်းတော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟရိစေတီ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတော်မြတ်လုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်နှိုးဆော်ခြင်း







[illegible]



[illegible]

[illegible]

[illegible]

[illegible] Garden Light [illegible]

[illegible] Account Transfer [illegible]

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညွန့်ရီ**

**အသက်(၉၃)နှစ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏ မိခင်ဖြစ်သူ ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်ဇနီး**
**စက်မှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညွန့်ရီ**

**အသက်(၉၃)နှစ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏ မိခင်ဖြစ်သူ ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့်ဇနီး**
**စက်မှုဝန်ကြီးဌာန**

## ဝမ်းနည်းကြောင်း

**ဒေါ်ညွန့်ရီ**

**အသက်(၉၃)နှစ်**

ဦးဝင်းရှိန်(ပြည်ထောင်စုဝန်ကြီး၊ စီမံ/ဘဏ္ဍာ) - ဒေါ်စုညွန့်ဦးတို့၏ မိခင်ဖြစ်သူ ဒေါ်ညွန့်ရီ အသက်(၉၃)နှစ်သည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ဥက္ကဋ္ဌ ဦးဝင်းနိုင်ဦး၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး**
**ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညွန့်ရီ**

**အသက်(၉၃)နှစ်**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏မိခင် ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၁၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်နုနု**

**(ဝါးခယ်မ)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်း အထက်လမ်း၊ အမှတ်(၁၈၂)၊ (က/၄)နေ (ဦးမောင်မောင်-ဒေါ်ထားအိ)တို့၏ သမီး၊ (ဦးထွန်းရင်-ဒေါ်သိန်းနု)၊ (ဦးသန်းတင်-ဒေါ်သန်းစိန်)တို့၏ သမီးချွေးမ၊ ဦးမြင့်ဦး(ဒုညွှန်မှူး၊စစစ-ငြိမ်း)၏ဇနီး၊ ဦးတင်အုန်း-ဒေါ်ခင်အေး၊ (ဦးခင်ဝင်း)-ဒေါ်ခင်ဌေးဝင်း၊ ဦးစိုးဝင်း-ဒေါ်မီမီစိုး၊ (ဦးဝင်းနိုင်) -ဒေါ်အေးအေးသန်း၊ (ဦးအောင်ကြည်)-ဒေါ်ဝင်းမေတို့၏ချစ်လှစွာသော အစ်မကြီး၊ ဦးမင်းဦး(အကောက်ခွန်-ငြိမ်း)-(ဒေါ်စမ်းမာဦး)၊ ဦးစိုးမြင့်ဦး (ဦးစီးအရာရှိ-ငြိမ်း၊ စစစ) -ဒေါ်စန္ဒာခိုင်ဦးတို့၏ မိခင်၊ ဦးချမ်းမြေ့ဦး (Crew agent)၊ ဦးအောင်နွေဦး( အကောက်ခွန်မှူး)- ဒေါ်ကေသီသောင်း၊ ဦးထက်မြတ်ဦး(အကောက်ခွန်မှူး)-ဒေါ်ဖြိုးပပကျော်၊ ဒေါ်သီရိအောင်တို့၏ချစ်လှစွာသော အဘွား၊ ဖူးဖူး၊ ဂျူးဂျူးတို့၏ ချစ်လှစွာသော ဘွားဘွားသည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၂၀နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၂ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၃၃-လမ်းနေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၂၂ (ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသက်ကိုကို

**(R.I.T ကျောင်းသားဟောင်း) (CHIEF ENGINEER)**
**JR Orion Services Pte; Ltd (Singapore), MT LT AMBER**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဦးရှိန်ဖေ-ဒေါ်ခင်သန်း)တို့၏ သား၊ ဦးလာလ်ရင့်လျန်၊ (ဒေါ်ဟွေအီယန်း)တို့၏ သားသမက်၊ ဒေါ်လာလ်ဗျက်မွေး(ခ) မွှေးသဲ၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဇေယျာဘုန်းထက်၏ဖခင်သည် ၂၀-၁၀-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၅၀နာရီခန့်တွင် Singapore နိုင်ငံ National University Hospital ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို Singapore နိုင်ငံ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၂၂ရက်တွင် မရမ်းကုန်းမြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ရီ

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ(ဦးထွန်းဝင်း-ဒေါ်ကြင်မြိုင်)တို့သမီး၊ (ဦးဘတင်-ဒေါ်ခင်တင့်)တို့၏သမီးချွေးမ၊ [ဒုတိယဗိုလ်မှူးကြီး ခင်ဦး(ရေ) ငြိမ်း]၏ဇနီး၊ ဦးဝင်းရှိန်(ပြည်ထောင်စုဝန်ကြီး စီမံ/ဘဏ္ဍာ)-ဒေါ်စုညွန့်ဦး၊ ဒေါ်ယုညွန့်ဦး၊ ဒေါ်ယဉ်ညွန့်ဦး၊ ဦးဇော်ညွန့်ဦး-ဒေါ်လှလှစိုး၊ ဦးကျော်ညွန့်ဦး-ဒေါ်ဆွေဆွေသန်းတို့၏မိခင်၊ ထူးထူးရှိန်ဦး-စန္ဒာ၊ ထက်ထက်ရှိန်ဦး၊ အောင်ဇေရှိန်ဦး၊ မင်းခန့်အောင်၊ အေးဆုမြတ်ဖြိုး၊ ဘုန်းထက်မင်းတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၁၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကိုယင်းနေ့ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညွန့်ရီ**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးထွန်းဝင်း-ဒေါ်ကြင်မြိုင်)တို့၏ သမီး၊ (ဦးဘတင်-ဒေါ်ခင်တင့်)တို့၏ သမီးချွေးမ၊ [ဒုတိယဗိုလ်မှူးကြီး ခင်ဦး(ရေ)(ငြိမ်း)]၏ ဇနီး၊ ဦးဝင်းရှိန်(ပြည်ထောင်စုဝန်ကြီး၊ စီမံ/ဘဏ္ဍာ)-ဒေါ်စုညွန့်ဦး၊ ဒေါ်ယုညွန့်ဦး၊ ဒေါ်ယဉ်ညွန့်ဦး၊ ဦးဇော်ညွန့်ဦး-ဒေါ်လှလှစိုး၊ ဦးကျော်ညွန့်ဦး -ဒေါ်ဆွေဆွေသန်းတို့၏ မိခင်၊ ထူးထူးရှိန်ဦး-စန္ဒာ၊ ထက်ထက်ရှိန်ဦး၊ အောင်ဇေရှိန်ဦး၊ မင်းခန့်အောင်၊ အေးဆုမြတ်ဖြိုး၊ ဘုန်းထက်မင်းတို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးဖြစ်သူ ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်း ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညွန့်ရီ**

**အသက်(၉၃)နှစ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်- ဒေါ်စုညွန့်ဦးတို့၏မိခင် ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ(ရုံးချုပ်)**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## ဘုရား၊ ရဟန်း ဒါယိကာမကြီး

**ဒေါ်သိန်းနု**

**အသက်(၇၃)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးစံရွှေဦး-ဒေါ်မစိန်နု) တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ်(၃)၊ တိုက်(၁၃၂/၄)နေ (အရခဗ-၁၃ကျော်စိုး)၏ဇနီး၊ ဗိုလ်မှူး စိုးနိုင် တပ်မတော်(ရေ)၊ ဦးညီညီနိုင်၊ ဒေါ်ဝင်းဝင်းလတ် (ငွေစုဘဏ်ခွဲ-၃)တို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းနုသည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်၍သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူ သား/သမီးများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး အလှူရှင်ဒါယကာကြီး

**ကိုကျော်ကျော်ဝင်း(ခ)ကိုကျော်ကျော်**

**Bosun CDC-33147 S.R-Shipping Co,Ltd**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ အမှတ်(၇၂/ခ)၊ (၃) လမ်းနေ (ဦးမြင့်-ဒေါ်သန်းအေး)တို့၏သား၊ ဦးထွန်းတင်-ဒေါ်စိန်ရင်တို့၏ သားသမက်၊ မောင်ပြည့်ဟိန်းထွဋ်(A.G.T.I)၊ မပြည့်သဇင်ထွဋ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်လှလှဌေး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၁၀-၂၀၂၂ (သောကြာနေ့) နံနက်၈:၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်ဆွေတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကျေးဇူးတင်လွှာ

၂၁-၁၀-၂၀၂၂ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ညွန့်ရီ အသက် ၉၃ နှစ် နာမကျန်းဖြစ်စဉ်ကာလအတွင်း စေတနာအပြည့်အဝဖြင့် ဂရုတစိုက်စောင့်ရှောက်ကုသမှုပေးခဲ့ကြသော ဝိတိုရိယဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အနီးကပ်ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ဆွေမျိုးသားချင်းများ၊ နာရေးကိစ္စအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊ မိတ်ဆွေများ၊ သူငယ်ချင်းများနှင့် ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် သတင်းမေးနှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညွန့်ရီ**

**အသက်(၉၃)နှစ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏မိခင်ဖြစ်သူ ဒေါ်ညွန့်ရီ အသက် (၉၃)နှစ်သည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်**
**အရာထမ်း၊ အမှုထမ်း မိသားစုများ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မိုင်မူမူဝင်း၊ အသက်(၅၇)နှစ်**

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း၏ ကျောက်မျက်ပညာရှင်/ကျောက်မျက်ဓါတ်ခွဲခန်း အကြံပေးပညာရှင်တစ်ဦးဖြစ်သူ ဒေါ်မိုင်မူမူဝင်း၊ အသက်(၅၇)နှစ် သည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

**ဦးတင်ရွှေ**

**New Golden Forward Hotel and Golden Cherry Fashion Shop**
**(ယုဇနပလာဇာ)(ဈေးသာယာရေးဥက္ကဋ္ဌ)၊ စဥ့်အိုးတန်းလမ်း(ခြသေ့်နဂါးအဖွဲ့ဝင်ဥက္ကဋ္ဌ)**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၀၅-က)အုတ်လမ်း၊ အနောက်ရွှေဂုံတိုင်ဗဟန်းနေ (ဒေါ်ချယ်ရီ)၊ ဒေါ်လှလှဌေး၏ခင်ပွန်း၊ ကိုဇင်လင်းဦး-မအေးဇင်ဝင်း၊ ကိုမင်းအောင်ခန့်-မသိမ့်အိခိုင်၊ ကိုဇေယျာဖြိုး(ခ)မာန်ဟိန်း-မနန်းခမ်းလီ၊ မောင်နိုင်ဟိန်းထက်တို့၏ ဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၂-၁၀-၂၀၂၂ (သောကြာနေ့) နံနက် ၅:၄၀နာရီတွင် နှလုံးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၄-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဆင်မလေး မိုမို၏ ၆၈ နှစ်ပြည့်မွေးနေ့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

**ဆင်မလေး မိုမို၏ ၆၈ နှစ်ပြည့်မွေးနေ့ပွဲကို အောက်တိုဘာ ၂၀ ရက်မှ စတင်၍ကျင်းပလျက်ရှိရာ ယနေ့တွင် ဆင်မလေး မိုမို၏ မွေးနေ့ကိတ်ခွဲသည့်အစီအစဉ်ကို တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိ ဆင်ရုံရှေ့၌ နံနက် ၉ နာရီမှ ၁၁ နာရီအထိကျင်းပခဲ့ကြောင်း သိရသည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❂



## နိုဝင်ဘာ ၄ ရက်နေ့အား“ဒီပါဝလီနေ့” အများပြည်သူတို့၏ အလုပ်ပိတ်ရက်အဖြစ် ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၂

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) ကြာသပတေးနေ့သည် “ဒီပါဝလီနေ့” ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၃၃၇/၂၀၂၂ ဖြင့် ယနေ့တွင် ကြေညာလိုက်သည်။ သတင်းစဉ်

## ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂ ရက်အတွင်း ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂ ရက်အတွင်း ကျင်းပသွားမည်ဖြစ်သည်။

ခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း ၃၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခင်က အသင်းပေါင်း ၄၀ ကျော်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့သော်လည်း နုတ်ထွက်သည့် အသင်းများရှိသောကြောင့် ၃၉ သင်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။ ယင်းခြေစစ်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(I)တွင် ပါဝင်လျက်ရှိသည်။

ခြေစစ်ပွဲကို အနောက်အာရှဇုန် အုပ်စုခြောက်ခုနှင့် အရှေ့အာရှဇုန် အုပ်စုငါးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(A)တွင် ဆီးရီးယား၊ ကာတာ၊ ယီမင်၊ သီရိလင်္ကာ၊ အုပ်စု (B) တွင် အီရန်၊ တာဂျစ်ကစ္စတန်၊ လက်ဘနွန်၊ နီပေါ၊ အုပ်စု(C)တွင် အီရတ်၊ ဘာရိန်း၊ အာဖဂန်နစ္စတန်၊ မော်လ်ဒိုက်၊ အုပ်စု(D)တွင် ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်၊ ကူဝိတ်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု(E)တွင် ယူအေအီး၊ အိုမန်၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ အုပ်စု(F)တွင် ဂျော်ဒန်၊ ပါလက်စတိုင်း၊ တာ့ခ်မင်နစ္စတန်၊

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍**


ကြေးမုံ ယနေ့ ဖတ်စရာ

**အသံညစ်ညမ်းမှု ဘယ်လိုထိန်းချုပ်ကြမလဲ**
စာမျက်နှာ » ၉

**ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်ရှိ ကမ္ဘောဇဘဏ်၌ အမျိုးသား ခြောက်ဦးက သေနတ်ပြခြိမ်းခြောက်ကာ ငွေကျပ်သိန်း ၃၀၀၀ ကျော် လုယက်ယူဆောင်**
စာမျက်နှာ » ၁၄

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၈၆၃ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂၅ ဦး တွေ့ရှိ**
စာမျက်နှာ » ၁၆

**လေ့လာစရာ အင်္ဂလိပ်စာ**
စာမျက်နှာ » ၂၀၊ ၂၁


## ဘာစီလိုနာအသင်းက ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အပြိုင် ကြိုးပမ်းသွားဖို့ရှိနေ



စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲတချို့ ရှိခဲ့ပေမယ့် လာမယ့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ တိုက်စစ်မှူး အမ်ဘတ်ပီကို စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ရှိနေပြီး အမ်ဘတ်ပီကို ခေါ်ယူနိုင်ရေး ရီးယဲလ်မက်ဒရစ်အသင်းနဲ့အပြိုင် ကြိုးပမ်းသွားဖို့ ရှိနေတာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်း ဥက္ကဋ္ဌ လာပေ့ါတာက ဘာစီလိုနာအသင်းမှာ ကြွေးမြီ တစ်ဘီလီယံရှိတယ်လို့ ဩဂုတ်လအတွင်းက ပြောကြားခဲ့တာဖြစ်ပါတယ်။ အသက် ၂၂ နှစ်

**စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❋**